ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ တနင်္လာနေ့ (26-12-2011) (၆၉၈၅)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲ တက်ရောက်ချီးမြှင့်

## ဘောလုံးပြိုင်ပွဲ(အမျိုးသား)ပွဲစဉ် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၂၅

**ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ခုနှစ် ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကို နေပြည်တော်၌ပထမအကြိမ်အဖြစ် ယနေ့မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ စတင်ကျင်းပသည်။**

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ်ရှိ နေပြည်တော် FC ဘောလုံးကွင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားပညာရေးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းနေရာယူကြပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူအား အလေးပြုကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။**(အပေါ်ပုံ)နှင့် **ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။**(အောက်ပုံ)

(သတင်းစဉ်)

☆ နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ပုံမှန် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်မည်။

☆ နိုင်ငံကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် အခြေခံပညာ အဆင့်မှ စတင်လေ့ကျင့်ပျိုးထောင်ပေးကြ ရမည်။



ကြေးမုံစာတည်းရှုထောင့်

၂၆-၁၂-၂၀၁၁[တနင်္လာနေ့]။

# အနေလည်းနီး ခရီးလည်းသာသည့် လမ်းတံတားသစ်များ

ရေမြေသဘာဝသယံဇာတပေါများကြွယ်ဝခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ခြင်းတို့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံလိုအပ်ချက်များဖြစ်သည်။ ပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး ပဓာနကျကျ အထောက်အကူပြုသည်။

ယခင်ကာလများက လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဒေသဖွံ့ဖြိုးမှုနှေးကွေးခဲ့သည်။ ကုန်စည်ရောင်းဝယ်စည်ပင်မှုအားနည်းသည့် အမြင်နီးကြသော တိုင်းရင်းသားချင်းပင် လမ်းပန်းဆက်သွယ်မှု အတား အဆီးကြောင့် ခရီးဝေးခဲ့ကြရသည်။ ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့ လှမ်းမြင်နေရသော်လည်း အလယ်တွင် မြစ်ကြီးခြားနေ၍ နေ့ချင်းခရီးမပေါက်နိုင်ခဲ့။ ဖွံ့ဖြိုးစည်ပင်မှုချင်း ကွာဟခဲ့ရသည်။

ယနေ့ကာလတွင် တောင်တွေ့လျှင်လမ်းဖောက်၊ မြစ်တွေ့လျှင်တံတား ဆောက်၍ လမ်းကွန်ရက်သစ်များ ပေါ်ထွက်လာနေပြီ။ ဧရာဝတီမြစ်ကူး တံတားကြီးများ တည်ဆောက်ပေးနိုင်သဖြင့် မြစ်အရှေ့ဘက်ခြမ်းနှင့် အနောက် ဘက်ခြမ်းဒေသများ ရာသီမရွေး နေ့ညသွားလာနိုင်ကြပြီ။ အနောက်ဘက် ကမ်းဒေသမှ ထွက်ကုန်များ မြန်ဆန်သွက်လက်စွာ သယ်ယူပို့ဆောင်နိုင်ကြပြီ။

ယခင်က အိပ်မက်ပင်မမက်ခဲ့ဖူးသော ဒေသများ၌ တံတားသစ်ကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်နိုင်ခဲ့ပြီ။ ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင် အတတ်ပညာဖြင့် အားထုတ်နိုင်မှုအကျိုးရလဒ်အဖြစ် နိုင်ငံ၏တောင်နှင့် မြောက်၊ အရှေ့နှင့် အနောက်သွားလာနိုင်သည့် ကားလမ်းသစ်များလည်း ပေါ်ထွက်လာခဲ့ပြီ။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ကျန်ရှိနေသည့် ဆက်စပ်လမ်းပိုင်းကို မကြာသေးမီက ဖွင့်လှစ်လိုက်ပြီ။ မိုင် ၃၀၀ ကျော်ခရီးကို အချိန်တိုအတွင်း လွယ်လွယ်ကူကူ ချောချောမွေ့မွေ့သွားလာနိုင်ကြပေပြီ။

ပြည်တွင်း လမ်းပန်းဆက်သွယ်ရေးအတွက်သာမက အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးပေါ်မှ အဓိကတံတား ကြီးဖြစ်လာမည့် ဧရာဝတီတံတား (ပခုက္ကူ)ကိုလည်း တည်ဆောက်ခဲ့ရာ မကြာမီ ဖွင့်လှစ်နိုင်ပေတော့မည်။ ကားလမ်းနှင့် ရထားလမ်း ပူးတွဲပါရှိသဖြင့် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ ရထားလမ်းများနှင့် အနောက်ဘက်ခြမ်းရှိ ဖောက်လုပ်ဆဲ ကြံခင်း-ပခုက္ကူရထားလမ်းတို့ ဆက်သွယ်သွားလာနိုင် ကြမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းကြောင့် ဒေသထွက်ကုန်များ ဈေးကွက်အရောက် အလွယ်တကူပို့ဆောင် ရောင်းဝယ် နိုင်ကြမည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားမှုကို အကျိုးပြုနိုင်မည်။ တိုင်းရင်းသားချင်းအနေလည်းနီး၊ ခရီး လည်းသာ ချစ်ကြည်ရင်းနှီးမှုများ ပွားတိုးစည်ပင်လာပေမည်။ စံချိန်မီ လမ်းသစ်တံတားသစ်များ ရေရှည်ကြံ့ခိုင်မှုရှိရေး အလေးထားတည်ဆောက် သွားကြရန် တိုက်တွန်းပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မော်တော်ယာဉ်အရောင်းစင်တာဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၅

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ Sakura Technical Services Co., Ltd. ၏ မော်တော်ယာဉ်အရောင်းစင်တာဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးသန်းအောင်ကျော်၊ Sakura Technical Services Co., Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းထက်နှင့် Sakura Technical Services Co., Ltd. ၏ ဂျပန်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Ari Nori Shirata တို့က အရောင်းစင်တာကို ဖဲကြိုး ဖြတ်၍ဖွင့်လှစ်ပေးကြပြီး အရောင်းစင်တာ၌ပြသထားသောကားများအား လိုက်လံရှင်းလင်းပြသသည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ Sandrar Services Co., Ltd. ၏ မော်တော်ယာဉ်အရောင်း စင်တာနှင့် ဗဟန်းမြို့နယ် တက္ကသိုလ် ရိပ်သာလမ်းသစ်ရှိ Diamond Auto Services Co., Ltd.၏ မော်တော်ယာဉ် အရောင်းစင်တာများသို့ သွားရောက်၍ မော်တော်ယာဉ် ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ကားဝယ် သူများ စိတ်ချမ်းသာစေရေးအတွက် အမြတ်နည်းနည်းဖြင့် အရေအတွက် များများ တင်သွင်းရောင်းချရန်၊ ရေရှည် လုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် မျှော်မှန်းဆောင်ရွက်ရန်၊ ပြည်သူများကို ထိခိုက်စေမည့် ဆူနာမီထိခိုက်ထားသည့် ကားများနှင့် ရေမြုပ်ခံထားရသည့် ကားများ တင်သွင်းခြင်းမပြုရန်နှင့် မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီက ချမှတ် ထားသော မော်တော်ယာဉ် အရောင်း စင်တာများနှင့်ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရန်၊ အခက်အခဲများ ရှိပါကလည်း တင်ပြကြရန် မှာကြားသည်။



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တောင်ဥက္ကလာပမြို့နယ်ရှိ Sakura Technical Services Co., Ltd. ၏ မော်တော်ယာဉ်အရောင်းစင်တာတွင် ပြသထားသောကားများကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

ယာဉ်အိုယာဉ်ဟောင်းများ အစားထိုး လဲလှယ်မှုအစီအစဉ်အရ မော်တော်ယာဉ် ဝယ်ယူသူများ ဈေးနှုန်း သက်သက် သာသာဖြင့် လွယ်လွယ်ကူကူ၊ မှန်မှန် ကန်ကန် ဝယ်ယူနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မော်တော်ယာဉ် အရောင်းစင်တာများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ယခုလမှ စတင်၍ ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ယခုအခါ မော်တော်ယာဉ်အရောင်းစင်တာ (Car Sale Center) ကိုးခုကို ခွင့်ပြုပြီးဖြစ် သည်။ ဆက်လက်၍လည်း သတ်မှတ် စည်းမျဉ်းများနှင့် ကိုက်ညီသည့် အရောင်းစင်တာဖွင့်လှစ်ခွင့်လျှောက်ထား သူများအား စိစစ်ခွင့်ပြုပေးလျက် ရှိကြောင်း သိရသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၁၂-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀ ၆။ မှတ်တမ်း
၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၆၅)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၈၃)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၂၃)**
၂၄။ Mini Series



**ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၃ ရက်က အထက(၁) ပန်းဘဲတန်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဌာနမှ ဒုတိယရဲမှူးအေးအေးမြင့်က လူကုန်ကူးခြင်းနှင့် ပတ်သက်၍ ပညာပေး ဟောပြောစဉ်။**
(မြို့နယ်ပြန်/ဆက်)

## ပညာမဏ္ဍိုင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**တွံတေး ဒီဇင်ဘာ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး မြို့နယ် ခတ္တိယကျေးရွာအုပ်စု အုတ်ဖို ကျေးရွာ ပညာမဏ္ဍိုင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်ဦးစီးမှူး ဦးသက်ဦး၊ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌဦးလှသန်းနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းဟန်တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ဆက်လက်၍ စာအုပ်စာစောင် လှူဒါန်း ပွဲကို ကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၂၀၀၊ ကျေးရွာအလှူရှင်များက စာအုပ်စာစောင် ၃၀၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိ သူများက လက်ခံရယူကြသည်။(ကြေးမုံ)



## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅ - ၁၂ -၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၂၇၀၀ | ၀. ၀၃၁၉၈ |
| တရုတ် (ယွမ်) | ၆. ၃၃၆၅၀ | ၀. ၁၅၇၈၂ |
| အိန္ဒိယ (ရူပီး) | ၅၂. ၇၃၅၀ | ၀. ၀၁၈၉၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၅၀၀ | ၀. ၃၁၆၉၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၃၅၀ | ၀. ၇၇၃၁၀ |
| ဂျပန် (ယန်း) | ၇၈. ၀၆၀၀ | ၀. ၀၁၂၈၁ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၀. ၀၉ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၆၆၇၅ | ၁. ၃၀၄၂၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၄၄ | ၁. ၅၅၉၀၀ |

*အင်တာနက်။*

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။ **မီးသတ်ဦးစီးဌာန**

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

**ဖြူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး ကျင်းပသည့် ၁၃၇၃ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် ဆုနှင်းသဘင်နှင့် စာပေ ဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်ရွှင်(မောင်ချမ်းမြေ့-ဖြူး)က ဖတ်ကြားသည်။

၂၀၁၀ -၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်သူ နှစ်ဦးနှင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူ ခုနစ်ဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

စာရေးဆရာ ကာတွန်းမြေဇာ၊ ဆရာမ နုနုရီ(အင်းဝ)နှင့် ဆရာဒေါက်တာ ထွန်းလွင်တို့က စာပေရေးရာများဟောပြောကြကြောင်း သိရသည်။

(၁၄၀)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# အာဖဂန်တပ်ဖွဲ့ဝင်က ပစ်ခတ်၍ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံး

**ကဘူး ဒီဇင်ဘာ ၂၅**

အာဖဂန်နစ္စတန်အနောက်ပိုင်းတွင် အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးက အမေရိကန်တပ်ဖွဲ့များကိုပစ်ခတ်ရာ အနည်းဆုံး သုံးဦးသေဆုံး၍ ငါးဦးဒဏ်ရာရရှိကြောင်း ပရက်(စ်)တီဗွီသတင်းဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ဖော်ပြသည်။

ဖာရတ်ပြည်နယ်အနောက်ပိုင်း ပွတ်ရော့ခရိုင်ရှိ စစ်သင်တန်းကျောင်း၌ စနေနေ့ညနေပိုင်းတွင် အာဖဂန်ကြည်းတပ် တပ်ဖွဲ့ဝင်များနှင့် အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့များ ခိုက်ရန်ဖြစ်ပွားကြပြီးနောက် ယင်းကဲ့သို့သော ပစ်ခတ်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပွတ်ရော့ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ယင်းခရိုင်၌ တပ်စွဲထားသည့် နိုင်ငံခြားတပ်ဖွဲ့ဝင် အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်သည်ဟု ဆိုသည်။

ယင်းဖြစ်ရပ်မှာ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုင်ငံခြားတပ်ဖွဲ့ဝင်များကို နောက်ဆုံးတိုက်ခိုက်မှု ဖြစ်သည်။

လွန်ခဲ့သည့် နိုဝင်ဘာလအတွင်းက အူရုဇဂန်ပြည်နယ် တောင်ပိုင်း၌ အလားတူဖြစ်ရပ်တွင် အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်မှုကြောင့် ဩစတြေးလျတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။

**အင်တာနက်။**



**အာဖဂန် ဖာရတ်ပြည်နယ် စစ်သင်တန်းကျောင်း၌ စစ်ရေးလေ့ကျင့်နေစဉ်။**

## ထိုင်းနိုင်ငံတောင်ပိုင်းတွင် လှိုင်းလုံးကြီးများရိုက်ခတ် လူအများအား ဘေးလွတ်ရာကယ်တင်ခဲ့ရ

**ဗန်ကောက် ဒီဇင်ဘာ ၂၅**

ထိုင်းနိုင်ငံတောင်ပိုင်း ချန်ပုန်ပြည်နယ်၏ ခရိုင်ခွဲသုံးခုတွင် ငါးမီတာအမြင့်ရှိသော ကြီးမားသည့်လှိုင်းလုံးများ၏ ရိုက်ခတ်မှုဒဏ်ကြောင့် လူနေအိမ်များမျောပါပျက်စီးသွားကြောင်း၊ တည်းခိုဆောင်များ၊ စားသောက်ဆိုင်များ ပျက်စီးသွားကြောင်း၊ ဒေသခံပြည်သူများသည် ဘေးလွတ်ရာသို့ နေအိမ်များကို စွန့်ခွာထွက်ပြေးရကြောင်း ဒီဇင်ဘာ ၂၅ ရက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ခရိုင်ခွဲသုံးခုအနက် ဟွာလိမ်းကျေးရွာတွင် ခန့်မှန်းခြေ ၇၀ စင်တီမီတာနီးပါးခန့် ရေမျက်နှာပြင်မြင့်တက်လာ၍ ရေလွှမ်းမိုးသဖြင့် အမိုးအကာကောင်းသော ဘုရားရှိခိုးကျောင်းရှိရာသို့ လူအချို့အား ရွှေ့ပြောင်းရသည်ဟု ဆိုသည်။

အလွန်ကြီးမားသော လှိုင်းလုံးကြီးများက ခရိုင်ခွဲသုံးခုရှိ ကျေးရွာများစွာကို ပြင်းထန်စွာရိုက်ခတ်ခဲ့ကြောင်း၊ တည်းခိုဆောင်များ၊ စားသောက်ဆိုင်များတွင် နေထိုင်စားသောက်နေသူများအား မွန်းလွဲပိုင်းအချိန်ဖြစ်သဖြင့် လူအများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း လူနေအိမ်အချို့မှာ ရေထဲသို့ မျောပါသွားကြောင်း ဘန်မာပရာအိုတန်ဘွန်အုပ်ချုပ်ရေးဌာန အကြီးအကဲက ပြောကြားသည်။ **ဆင်ဟွာ။**



**တိုင်းတစ်ပါးသို့ တရားမဝင် ရွှေ့ပြောင်းနေထိုင်ရန် ကြိုးစားကြသူ ဟေတီနိုင်ငံသားများကို လေ့တစ်စင်းပေါ်တွင် တွေ့မြင်ရစဉ်။**



## ပါကစ္စတန်တွင် စာသင်ကျောင်းကို စစ်သွေးကြွများဖောက်ခွဲ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၅**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ယောကျ်ားလေးများ သီးသန့်တက်ရောက်ရသော အစိုးရစာသင်ကျောင်းကို စစ်သွေးကြွများက ဗုံးဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ပရက်(စ်)တီဗွီက စနေနေ့တွင် ဖော်ပြသည်။

မြို့တော်အစ္စလာမ္မာဘတ်မှ မိုင် ၁၂၀ ခန့်ကွာဝေးသည့် ခိုင်ဘာပက်တွန်းဟွာပြည်နယ် လန်ဒီကိုတဲလ်ခရိုင် နယ်စပ်မြို့တော်ခန်ရှိ စာသင်ကျောင်းအဆောက်အအုံကို စနေနေ့က ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

စာသင်ကျောင်း၌ ဗုံးပေါက်ကွဲသည့်အချိန်တွင် ကျောင်းသူ၊ ကျောင်းသားများမရှိသည့်အတွက် အသေအပျောက်သတင်းကို မရရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုမှာ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း မည်သည့်အဖွဲ့အစည်းကမှ ကြေညာခြင်းမပြုပေ။ သို့သော်လည်း ယင်းဖောက်ခွဲမှုတွင် တက်ရစ်-အီး တာလီဘန် ပါကစ္စတန် (တီတီပီ)အဖွဲ့၏လုပ်ဆောင်ချက်အဖြစ် သံသယအများဆုံးဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**

# ကျူးဘားကမ်းလွန်တွင် ဟေတီသင်္ဘောတိမ်းမှောက်

**ဟာဗားနား ဒီဇင်ဘာ ၂၅**

ကျူးဘားနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့များက တရားမဝင်ရွှေ့ပြောင်းနေထိုင်ရန် ကြိုးစားကြသူ ဟေတီနိုင်ငံသား အနည်းဆုံး ၃၈ဦး၏အလောင်းများကို တွေ့ရှိခဲ့ကြကြောင်း ပရက်(စ်)တီဗွီသတင်းဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ဖော်ပြသည်။

၎င်းတို့လိုက်ပါလာသော သင်္ဘောမှာ ကျူးဘားနိုင်ငံ အရှေ့ပိုင်း ဂွါတာနာမိုပြည်နယ်ကမ်းလွန်တွင် တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသား ၂၁ ဦးနှင့် အမျိုးသမီး ၁၇ ဦးတို့၏အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ကလေးလေးယောက်နှင့် အမျိုးသမီးခုနစ်ဦးတို့အပါအဝင် စုစုပေါင်း ၈၇ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ အဆိုပါအသက်ရှင်သူများကို ပွိုင့်မိုင်စီရှိ နိုင်ငံတကာတရားမဝင်ရွှေ့ပြောင်းနေထိုင်သူများစခန်းသို့ ပို့ဆောင်ခဲ့ကြောင်း ကျူးဘားပြည်သူ့ကာကွယ်ရေးအဖွဲ့၏ တနင်္ဂနွေနေ့ထုတ်ကြေညာချက်တွင် ဖော်ပြထားသည်။

မြို့တော်ဟာဗားနားမှ မိုင် ၉၅၀ ခန့်အကွာ ဂွါတာနာမိုကမ်းလွန်တွင် တစ်ဝက်ခန့်နစ်မြုပ်နေသော ယင်းသင်္ဘောကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သင်္ဘောနစ်မြုပ်ရခြင်း၏အကြောင်းရင်းကို အသေးစိတ်ဖော်ပြခြင်းမပြုသော်လည်း ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးအဖွဲ့က ကြေညာသည်။

**အင်တာနက်။**



**စာသင်ကျောင်းကို စစ်သွေးကြွတို့ ဖောက်ခွဲ ဖျက်ဆီးပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။**

# ဆူနာမီရေလှိုင်းဒဏ်သင့် မိန်းကလေးတစ်ဦး ခုနစ်နှစ်အကြာတွင် မိသားစုနှင့်ပြန်လည်ပေါင်းဆုံ

**ဘန်ဒါအာချေး ဒီဇင်ဘာ ၂၅**

လွန်ခဲ့သည့် ခုနစ်နှစ်က အိန္ဒိယသမုဒ္ဒရာအတွင်း ဆူနာမီရေလှိုင်း ရိုက်ပုတ်မှုကြောင့် ခုနစ်နှစ်ကြာမိသားစုနှင့် ကွဲကွာသွားခဲ့သော အင်ဒိုနီးရှား မိန်းကလေးတစ်ဦးသည် ယခုအခါ မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။



**ခုနစ်နှစ်ကြာ မိသားစုနှင့် ကွဲကွာသွားသော အင်ဒိုနီးရှား မိန်းကလေးအား ဖခင်ဖြစ်သူနှင့်အတူ တွေ့ရစဉ်။**

အသက် (၁၄)နှစ်ရှိ မိန်းကလေးမှာ ဝါတီဟု အမည်ရှိပြီး အာချေးပြည်နယ် မူလာဘိုမြို့သို့ ရောက်ရှိလာခဲ့ပြီးနောက် ဒေသခံပြည်သူများ၏ အကူအညီပေးမှုနှင့်အတူ ၎င်း၏မိသားစုနှင့် ပြန်လည်ပေါင်းဆုံရန် အဆက်အသွယ်ရရှိခဲ့သည်။

မိမိသည် အမျိုးသမီးတစ်ဦးထံတွင် နေထိုင်ခဲ့ရပြီး တောင်းရမ်းသူတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ရကြောင်း ဝါတီက ၎င်း၏ဖခင်အား ပြောကြားခဲ့သည်။

ဝါတီသည် ၎င်း၏ကျေးရွာအမည်နှင့် အဘိုးဖြစ်သူတို့၏ အမည်တို့ကိုသာ မှတ်မိနေခဲ့ပြီး အငှားယာဉ်မောင်းတစ်ဦးက ၎င်းအား လိုက်ပါပို့ဆောင်ပေးခဲ့သည်။ ဝါတီ၏အဘိုးမှာ ထင်ပေါ်ကျော်ကြားသော ဘာသာရေးခေါင်းဆောင်တစ်ဦး ဖြစ်သည်။

ဝါတီသည် အနောက်အာချေးပြည်နယ် အူရောင်းဘာရိုးကျေးရွာမှဖြစ်ပြီး ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ဆူနာမီရေလှိုင်း၏ရိုက်ပုတ်မှုကြောင့် မိသားစုနှင့်ကွဲကွာသွားခဲ့သည်။ ယင်းဆူနာမီရေလှိုင်း၏ဒဏ်ကို နိုင်ငံပေါင်း ၁၂ နိုင်ငံ တွေ့ကြုံခံစားခဲ့ကြရပြီး လူပေါင်း ၂၃၀၀၀၀ အထိ သေဆုံးခဲ့သည်။

**အင်တာနက်။**

# ဒိန်းမတ်နိုင်ငံတိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် တစ်လသားအရွယ် ဝင်ရိုးစွန်းဝက်ဝံငယ်အား ပြုစုကျွေးမွေးစောင့်ရှောက်ထားရ

**ကိုပင်ဟေဂင် ဒီဇင်ဘာ ၂၅**

မိခင်ဖြစ်သူ ဝက်ဝံမကြီးက ၎င်းအား တိုက်ကျွေးပြုစုရန် နို့ချိုအလုံအလောက်မထွက်ရှိတော့ခြင်းကြောင့် တစ်လသားအရွယ် ဝင်ရိုးစွန်းဝက်ဝံငယ်ကလေးအား**(အောက်ပုံ)** လူသားတို့က ပြုစုကျွေးမွေးစောင့်ရှောက်ထားရသည်ဟု ဒိန်းမတ်



တိရစ္ဆာန်ဥယျာဉ်တစ်ခုမှ ပြောကြားခဲ့သည်။

စကင်ဒီနေးဗီးယန်းသဘာဝတောရိုင်းဥယျာဉ် မန်နေဂျာ ဖရန့်ဝိက်ကာဆင်က ပြောကြားရာတွင် ဆီကုဟု အမည်ပေးထားသည့် ဝက်ဝံငယ်ကလေးသည် ကောင်းစွာကျန်းမာသန်စွမ်းပြီး ယခုအခါတွင် အလေးချိန်ခုနစ်ပေါင် (၃ ဒသမ ၂ ကီလိုဂရမ်) ရှိကာ ၎င်းမွေးကင်းစအရွယ်တွင် အလေးချိန်သုံးပေါင်(၁ ဒသမ ၈ ကီလိုဂရမ်)သာ ရှိသည်ဟုဆိုသည်။

### ပြုစုထား

၎င်းက ဆက်လက်ပြောကြားရာတွင် ဝက်ဝံကလေးနှစ်ရက်သားအရွယ်၌ ဝက်ဝံဂူအတွင်းတပ်ဆင်ထားသည့် ဗီဒီယိုမြင်ကွင်း၌ အချိန်ပြည့်ထိန်းမနိုင်သိမ်းမရ အော်မြည်နေသည်ကို တွေ့ရ၍ မိခင်၏စောင့်ထိန်းကြည့်ရှုမှုအောက်မှ ခွဲခွာယူဆောင်လာခဲ့ရသည်ဟု ဆိုသည်။ အဆိုပါဝက်ဝံကလေးသည် ၎င်း၏မိခင်နှင့် ဆက်လက်နေထိုင်ခဲ့ပါက အသက်သေဆုံးနိုင်သည့် အန္တရာယ်နှင့်ပင် တွေ့ရနိုင်သည်ဟုဆိုသည်။ ကိုပင်ဟေဂင်မြို့ အနောက်မြောက်ဘက်ရှိ ၁၀၅ မိုင်အကွာ ကိုလင်တိရစ္ဆာန်ဥယျာဉ်တွင် လူသုံးဦးက ဝက်ဝံကလေးကို နာရီနှင့်အမျှ အလှည့်ကျ ပြုစုစောင့်ရှောက်ထားသည်ဟု သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

# လှိုင်ကော်မြို့၌ အိမ်တွင်းမှုသင်တန်းနှင့် သီတဂူတက်လမ်းစကျွဲဒါနမျက်စိဆေးရုံဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၅

**ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် လှိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ခန်းမ၌ကျင်းပသော အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၂/၂၀၁၁)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၁/၂၀၁၁)သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် လှိုင်ကော်မြို့ ကန္ဒရဝတီဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသော သီတဂူတက်လမ်း စကျွဲဒါနမျက်စိဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ အလှူရှင် တက်လမ်း ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးရှိန်ဝင်းက ဆေးရုံဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကန္ဒရဝတီကျောင်းဆရာတော်ဘဒ္ဒန္တကလျာဏ၊ လှိုင်ကော်ကက်သလစ်သာသနာမှ ဘုန်းတော်ကြီး မားရ်ကိုဖဲဗျား၊ ပြည်နယ်လူမှုရေး ဝန်ကြီးဌာနဝန်ကြီး ဦးကိုးရယ်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် တိုင်းရင်းသားနှစ်ဦးတို့က သီတဂူတက်လမ်းစကျွဲဒါနမျက်စိ ဆေးရုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မျက်စိဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက သီတဂူ တက်လမ်းစကျွဲဒါနဆေးရုံ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

## Girls' Generation တေးဂီတအဖွဲ့ဝင် ဂျက်ဆီကာ သရုပ်ဆောင်မည့် Wild Romance ဇာတ်လမ်းတွဲ

အေဝမ်းစိုး

တောင်ကိုရီးယားနိုင်ငံ၏ နာမည်ကျော် အမျိုးသမီးတေးဂီတအဖွဲ့ Girls' Generation ၏ အဆိုတော် ဂျက်ဆီကာ သည် ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် ပထမဆုံးအကြိမ်ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

GnG ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက အဆိုတော် ဂျက်ဆီကာသည် အချစ်ဟာသရုပ်သံ ဇာတ်လမ်းတွဲ Wild Romance တွင် ခေါင်းဆောင်မင်းသား လီဒေါင်ဝုခ် (မိုယိုလ်)၏ ရည်းစားဟောင်း ဂွန်ဟီး အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ် ကြောင်း ထုတ်ဖော်ပြောကြားသည်။

ယင်းဇာတ်လမ်းတွဲသည် ဆန့်ကျင်ဘက် ပရိသတ်များ၏ အန္တရာယ်ပြုခြင်းမှ အကာအကွယ်လိုအပ်နေသော ဘေ့စ်ဘောကစားသမား မိုယိုလ်နှင့် ၎င်း၏ ကိုယ်ရံတော် အွန်ဂျေးတို့နှစ်ဦးကြားမှ ချစ်မေတ္တာတရားကို ဖော်ညွှန်းရိုက်ကူးသွားမည်ဖြစ်သည်။ အွန်ဂျေး အဖြစ် မင်းသမီး လီစီယောင်းက သရုပ်ဆောင်မည်ဖြစ်သည်။

ဂျက်ဆီကာသည် သရုပ်ဆောင်မှု အတွေ့အကြုံမရှိသော်လည်း ဂွန်ဟီး နေရာတွင် သရုပ်ဆောင်ရန် သူမ၏ ရုပ်လက္ခဏာသာ အသင့်တော်ဆုံးနှင့် အကောင်းဆုံးဖြစ်သောကြောင့် မိမိတို့ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ရှင်းလင်းပြောကြား သည်။

ဂျက်ဆီကာသည် တောင်ကိုရီးယား နိုင်ငံ၏ လူကြိုက်များရေပန်းစားလျက် ရှိသော အဖွဲ့ဝင်ကိုးဦးပါရှိသည့် Girls' Generation ပေါ့ပ်တေးဂီတအဖွဲ့၏ ခေါင်းဆောင်အဆိုတော်တစ်ဦးဖြစ်ပြီး Wild Romance ဇာတ်လမ်းတွဲကို ဇန်နဝါရီ ၄ ရက်တွင် စတင်ထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။ **အင်တာနက်။**



**အဆိုတော် ဂျက်ဆီကာ။**



**ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Koichiro Gemba ဦးဆောင်သောအဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့ ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Koichiro Gemba ဦးဆောင်သောအဖွဲ့သည် ယနေ့ ညနေ ၆ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**မူခင်းကျဆင်းရေး၊ ယာဉ်တိုက်မှု လျော့နည်းရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ဝေဒီကျေးရွာ အလယ်တန်းကျောင်း (ခွဲ)ခန်းမ၌ ကျင်းပရာ စခန်းမှူး ရဲအုပ်ခင်မောင်လွင် ဟောပြောဆွေးနွေးစဉ်။**

(မြို့နယ်ပြန်/ဆက်)

**ရန်ကုန်မြို့ တာမွေမြို့နယ် အထက (၃)တာမွေ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဇေယျာဝင်း၊ မောင်ငြိမ်းချမ်းဦးနှင့် မောင်နေမျိုးလင်း တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဆုချီးမြှင့်အပြီး တွေ့ရစဉ်။**

(ပညာရေး)



**ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်**

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**



## မြန်မာပြည်သမ္မတများအတ္ထုပ္ပတ္တိစာအုပ်ထုတ်ဝေ



မြန်မာပြည်သမ္မတများ၏ အတ္ထုပ္ပတ္တိကို မြတ်သုတက နိုင်ငံနှင့် အမျိုးသားရေးမှတစ်ပါး မည်သည့်ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲကင်းရှင်းစွာဖြင့် ရေးသားထားကြောင်း ရှေးဦးစွာ တင်ပြထားသည်။

အသက်မွေးဝမ်းကျောင်းပညာရပ်အလိုက် ထူးချွန်သူများ၊ ထင်ပေါ်ကျော်ကြားသူများ၏ဘဝကို ရုန်းကန်ခဲ့ရပုံ၊ ကြီးပွားတိုးတက်လာရပုံတို့ကို သာမန်လူတို့ဘဝထက် စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်ကို တွေ့ရှိရသည်။ ၎င်းတို့လုပ်ရပ်များ၏ အောင်မြင်မှုများကို အားကျခြင်း၊ နမူနာယူလိုခြင်းတို့ကို ရေးသားထားသည်။

အတ္ထုပ္ပတ္တိမည်သော စာများသည် ရာဇဝင်သမိုင်း၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ နိုင်ငံတော်တွင် ထင်ရှားသော နိုင်ငံရေး၊ စီးပွားရေးနှင့် စာပေဆိုင်ရာ၊ စစ်မှုစစ်ရေးဆိုင်ရာ စသည့် ပညာဝန်းကျင်အရပ်ရပ်မှ အသီးသီးသော ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်များ၏ အကြောင်းအရာများ ပျောက်ကွယ်မသွားစေရန် ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းကို လေ့လာနေကြသော ယနေ့ခေတ်လူငယ်များ၊ သုတေသီများအတွက် တစ်ထောင့်တစ်နေရာမှ မှတ်တမ်းမှတ်ရာတစ်ခုအနေဖြင့် ရေးသားထားသည်။

- - - - - -

## သမိုင်းထဲကပညာရှိနှင့် ဆန္ဒကိုသိက္ခာဖြင့်ထိန်းပါ စာအုပ်ထွက်ရှိ



မောင်မိုးယံနှင့်ထက်ခေါင်တို့ နှစ်ဦးစုပေါင်းထုတ်ဝေသည့် 'သမိုင်းထဲက ပညာရှိ' နှင့် "ဆန္ဒကိုသိက္ခာဖြင့်ထိန်းပါ" ဆိုသော ခေတ်အမြင်၊ ခေတ်အတွေး ရသသုတဆောင်းပါးစာအုပ် ထွက်ရှိလာသည်။ ယနေ့ မြန်မာ့ဒီမိုကရေစီလမ်းကြောင်းပေါ်ရှိ နိုင်ငံရေးသမား၊ စီးပွားရေးသမား၊ အလုပ်သမား၊ လယ်သမားဝန်ထမ်းအားလုံး သတိပြုဆင်ခြင်ရမည့် ကျင့်ဝတ်သိက္ခာများကို စာရေးသူတို့က ဘုံဘဝကျင်လည်နေကြသော လောကဓံတရားသင်ခန်းစာများဖြင့် ဖော်ထုတ်တင်ပြထားသည်။ စာအုပ်ရောင်းဈေး ငွေကျပ် ၁၈၀၀ ဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားပြီး ဖုန်း-၀၉-၅၀၀၈၆၆၃ မောင်မိုးယံစာပေသို့ ဆက်သွယ်မှာယူနိုင်သည်။

- - - - - -

## စာရေးဆရာနိုင်ဇော်၏ ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများစာအုပ် ထုတ်ဝေ



စာရေးဆရာနိုင်ဇော်၏ "ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများ"စာအုပ်ကို သီရိဝဏ္ဏစာပေက ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ပျူလူမျိုးတို့သည် မြန်မာနိုင်ငံတွင် အစောဆုံးနေထိုင်ခဲ့သော လူမျိုးများဖြစ်ကြောင်း၊ ပျူတို့၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့ကြောင်းကို ကျန်ရစ်ခဲ့သော ဗိသုကာလက်ရာများ၊ အုတ်ခွက်ဘုရားများ၊ စာပေအထောက်အထားများ၊ ပန်းပုလက်ရာများက အခိုင်အမာ သက်သေပြလျက်ရှိကြောင်းနှင့် ယနေ့ခေတ် မြန်မာတို့၏ အသိပညာနှင့် သုတေသနလုပ်ငန်းဖွံ့ဖြိုးလာခြင်း၏ သက်သေအဖြစ် တင်ပြထားသည်။

စာရေးသူက ပျူနိုင်ငံနှင့် ပတ်သက်သည့်အကြောင်းအရာများကို ကျယ်ပြန့်စွာ ပုံဖော်ရေးသားထားပြီး ပျူသမိုင်းလေ့လာသူများနှင့် မြန်မာနိုင်ငံသမိုင်းကို စိတ်ဝင်တစား လေ့လာနေသူများအတွက် များစွာအသုံးဝင်မည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ဖတ်ရှုလေ့လာလိုသူများအနေဖြင့် သီရိဝဏ္ဏစာပေတိုက် (၉၉/၄) နဝရတ်ရိပ်သာ ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၂၄၉၅၅ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

- - - - - -

## Photoshop နည်းပညာများစာအုပ် ထွက်ရှိ



ဆရာကောင်းဆက်မှူးရေးသားပြုစုသော လုပ်ငန်းခွင်သုံး Photoshop နည်းပညာများ စာအုပ်ထွက်ရှိလာသည်။ ဤစာအုပ်တွင် Photo Studio ထဲက ဓာတ်ပုံအလှပြုပြင်နည်းများ၊ ဓာတ်ပုံနှင့် လိုက်ဖက်သော Background ဖန်တီးနည်းများ၊ Shadow Highlight, Brush Tool တို့ကိုအသုံးပြု၍ Design ရေးဆွဲနည်းများစသည့် အိပ်မက်ဆန်သော လှပဆန်းကြယ်သည့် Design ဖန်တီးရေးဆွဲနည်းများ ပါဝင်သည်။ ဓာတ်ပုံသမားများနှင့် Photoshop သုံးသူများ လက်မလွတ်တမ်း ဖတ်ရှုရမည့်စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ ထိုစာအုပ်ကို မနောဖြူစာပေအမှတ်(၂၃၅) မြေညီထပ် ၃၇ လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၄၃၈၇၃ မှ ဖြန့်ချိလိုက်သည်။

# ပတ်ဝန်းကျင်ရာသီဥတုပြောင်းလဲခြင်းနှင့် တိရစ္ဆာန်တို့၏ ကူးစက်ရောဂါများ

ပါမောက္ခ ဒေါက်တာတင်တင်မြိုင်
(မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)

တစ်နေ့တခြားတိုးပွားနေသော ယနေ့ကမ္ဘာ့လူဦးရေနှင့်အမီလိုက်၍ စားနပ်ရိက္ခာဖူလုံရေး (Food security)၊ အစားအစာဘေးကင်းရေး (Food safety) စသည်တို့ကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဦးစားပေးဆောင်ရွက်နေကြရာ စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအနေဖြင့် လယ်ယာလုပ်ငန်းနှင့်ဆက်နွှယ်နေသော မွေးမြူရေးတိရစ္ဆာန်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ (veterinary cover) သည် အရေးကြီးလာသည်။ ကျန်းမာသော တိရစ္ဆာန်များကို မွေးမြူနိုင်မှ လယ်ယာလုပ်ငန်းတွင် လုပ်အားအပြည့်အဝသုံးနိုင်ပြီး သားငါးထုတ်လုပ်မှုကဏ္ဍတွင်လည်း ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက အရည်အသွေးပြည့်မီသော မွေးမြူရေးထွက်ကုန်များကိုလည်း ပြည်ပသို့ ပိုမိုတင်ပို့နိုင်လာမည်ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေး (Food security)အတွက် ဦးစားပေးရသည့်နည်းတူ အစားအစာဘေးကင်းရေး (Food safety) သည်လည်း အရေးကြီးလာသည်။ တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်သော ရောဂါဖြစ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza)၊ နွားသားလျှောရောဂါ (bovine brucellosis)၊ တီဘီရောဂါစသည်တို့ကို ကာကွယ်နိုင်ရန်လည်း လိုအပ်လာသည်။ ကျန်းမာသောတိရစ္ဆာန်များကို မွေးမြူနိုင်မှ တိရစ္ဆာန်ထွက်ကုန်များ (food animals' product)ဖြစ်သော ဥ၊ နို့၊ အသားတို့ကို စားသုံးသော ပြည်သူတို့၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ (medical cover) သည်လည်း မြင့်မားလာနိုင်မည်။

တိရစ္ဆာန်တို့၏ ကူးစက်နိုင်သော အချို့ရောဂါများအကြောင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်နွှယ်လုပ်ကိုင်နေသူများအပါအဝင် ပြည်သူများအားလုံး အခြေခံအားဖြင့် သိရှိနားလည်နိုင်ကြရန် လိုအပ်ပါသည်။ တိရစ္ဆာန်များတွင် ကူးစက်ရောဂါ(infectious disease) များဖြစ်ရခြင်းသည် (၁) ရောဂါပိုး(agent)၊ (၂) ရောဂါပိုးကို လက်ခံနိုင်သော(host)၊ လက်ခံကောင်နှင့် (၃) ရောဂါကူးစက်နိုင်သည့် ပတ်ဝန်းကျင်အနေအထား(environment) စသည့် သုံးမျိုးပါဝင်ပတ်သက်နေသည်။ ရောဂါပိုး(agent) ဖြစ်သော ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ပရိုတိုဇွာနှင့် ကပ်ပါးသန်ကောင်များ စသည်တို့သည် ရောဂါပိုးကို လက်ခံနိုင်သော လက်ခံကောင် (host) များဖြစ်သည့် ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ် စသည့် တိရစ္ဆာန်များရှိနေပြီး ရောဂါကူးစက်နိုင်သည့် ပတ်ဝန်းကျင်အနေအထား (environment) ဥပမာ ရေ၊ မြေ၊ လေ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းတို့ ဆက်နွှယ်ပြီး ကူးစက်ရောဂါ (infectious disease) များ ဖြစ်ပွားလာရသည်။

## တိရစ္ဆာန်တွင် ကူးစက်ရောဂါများဖြစ်ပွားခြင်း

ဗက်တီးရီးယားဖြစ်စေ၊ ဗိုင်းရပ်စ်ဖြစ်စေ တိရစ္ဆာန်တစ်ကောင်မှ တစ်ကောင်သို့ ရောဂါကူးစက်ရာတွင် ရောဂါပိုးဝင်ရောက်နိုင်သော လမ်းကြောင်းများမှာ ရောဂါပိုးပါသောလေကိုရှူမိခြင်း၊ ရောဂါပိုးများ အစားအစာနှင့် ကပ်ပါလာ၍ စားမိခြင်း၊ ရောဂါပိုးများအရေပြားမှ ဝင်ရောက်ခြင်းတို့ ဖြစ်ပြီး ရောဂါဖြစ်ပွားမှုသည် တိရစ္ဆာန်၏ကိုယ်ခံစွမ်းအား(body defense mechanism) ဝင်ရောက်သော ရောဂါပိုးအရေအတွက်၊ ရောဂါပိုး၏ ပြင်းထန်မှု စသည်တို့အပေါ်တွင်လည်း မူတည်နေသည်။ ရောဂါတစ်ခုဝင်ရောက်ရာတွင် ယင်းတိရစ္ဆာန်သည် ကိုယ်ခံစွမ်းအားကျနေစဉ် အလွန်ပြင်းထန်သော ရောဂါပိုးများစွာဝင်ရောက်ပြီး အဆိုပါ ရောဂါပိုးတို့၏ လျင်မြန်စွာ ပွားများမှုအပြင် ပတ်ဝန်းကျင်၊ ရာသီဥတု စသည့် အနေအထားများကလည်း အားပေးနေသော အခြေအနေတွင်ရှိပါက ကူးစက်ရောဂါ လျင်မြန်စွာ ဖြစ်ပွားနိုင်ပါသည်။

ရောဂါပိုး (agent) ဖြစ်သော ဗက်တီးရီးယား၊ ဗိုင်းရပ်စ် စသည့်တို့သည် တိရစ္ဆာန်၏ ကိုယ်ခန္ဓာအတွင်း ပွားများရာတွင် သွေး၊ အသား၊ အာရုံကြော၊ အစာခြေလမ်းကြောင်း၊ နို့ စသည်ဖြင့် နေရာအမျိုးမျိုးတွင် ပွားတတ်ကြသည်။ ဥပမာ ခွေးရူးရောဂါပိုးသည် အာရုံကြောတွင်း၌ ပွားများနိုင်ပြီး နာ့ဗ်ဆဲလ်များကိုတိုက်ခိုက်သကဲ့သို့ ဝက်နားရွက်ပြာရောဂါဖြစ်စေသော ဗိုင်းရပ်စ်ပိုးလည်း လက်ခံကောင်(ဝက်)၏ ကိုယ်ခံစွမ်းအားဖြစ်စေသော ဆဲလ် (macrophafe) များကို တိုက်ခိုက်သည်။ ရောဂါပိုး (agent) တစ်မျိုးနှင့်တစ်မျိုး ပေါက်ဖွားနိုင်သော အပူချိန်၊ ရှင်သန်နိုင်မှုစသည်တို့သည်လည်း မတူညီကြပါ။ ရောဂါပိုးတစ်မျိုးတည်း၌ပင်လျှင် မျိုးကွဲများစွာရှိကြသည်။

## ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် အချို့ကူးစက်ရောဂါများ ပျံ့နှံ့လာခြင်း

ကမ္ဘာကြီးပူနွေးလာခြင်း (global warming)ကို ယနေ့တစ်ကမ္ဘာလုံးအလေးထား စဉ်းစားနေကြရသည်။ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ရာသီဥတုများ ဖောက်ပြန်နေကြသည်။ ရာသီဥတုဖောက်ပြန်လာရာတွင် အယ်နီညို၊ လာနီညာ စသည်တို့နှင့်အတူ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာကြသည်။ သဘာဝဂေဟစနစ်များ ဖောက်ပြန်လာခြင်းဖြင့် အချို့သော ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ပရိုတိုဇွာနှင့် ကပ်ပါးသန်ကောင်များ စသည်တို့အတွက် ပေါက်ဖွား၊ ကူးစက်လွယ်နိုင်မည့် ပတ်ဝန်းကျင်အခြေအနေများ ဖန်တီးပေးသကဲ့သို့ဖြစ်လာရာမှ မမျှော်လင့်ဘဲ ကူးစက်ရောဂါများဖြစ်လာကြသည်။ ကူးစက်ရောဂါများဖြစ်စေသော ရောဂါပိုးတို့၏ မျိုးရိုးဗီဇများ ပြောင်းလဲလာကြသည်။ တိရစ္ဆာန်တို့၏ အချို့သောကူးစက်ရောဂါများသည် လူသို့ တစ်ဖန်ကူးစက်စေပြန်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကြောင့် ငှက်တို့၏ ဆောင်းခိုသော အလေ့အထများ၊ ပျံသန်းရာလမ်းကြောင်းများ ပြောင်းလဲလာပြီး ကြက်ငှက်တုပ်ကွေးရောဂါပိုး ပျံ့နှံ့စေသော သာဓကများရှိခဲ့ပါသည်။ အထူးသဖြင့် ခြင်၊ ယင်၊ မှားတို့မှတစ်ဆင့် လူနှင့်တိရစ္ဆာန်သို့ ကူးစက်စေနိုင်သောရောဂါပိုးများသည် ရာသီဥတုပြောင်းလဲခြင်း၊ မိုးရွာသွန်းမှုများခြင်း၊ ရေကြီးခြင်း၊ စိုထိုင်းဆများခြင်း၊ အပူချိန်လွန်ကဲခြင်း စသည်တို့ကြောင့် ပေါက်ဖွားရှင်သန်မှုအလေ့အထများ ပြောင်းလဲလာခြင်း၊ ကြမ်းတမ်းသော ရာသီဥတုဒဏ်ခံနိုင်ရည်ရှိလာခြင်း၊ မျိုးပွားနှုန်းများကောင်းလာခြင်း၊ မျိုးထွန်းခြင်း (muatation) များ ဖြစ်လာကြသည်။

ထို့အပြင် ကူးစက်ရောဂါဖြစ်စေနိုင်သည့် အချို့သော ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးတို့ကို ခြင်၊ ယင်၊ မှားတို့မှ ကြားခံသယ်ဆောင်ပြီး လူနှင့် တိရစ္ဆာန်တို့ကို ကူးစက်စေပြန်သည်။ ခြင်မှတစ်ဆင့်ကူးသော သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါတို့သည် မိုးများပြီး စိုထိုင်းမှုများသော အရပ်တို့တွင် အဖြစ်များကြသည်။

အပူပိုင်းဇုန်သစ်တောများ ပြုန်းတီးရာတွင် တစ်ကမ္ဘာလုံးနှင့်ယှဉ်ပါက အာရှတွင်အများဆုံးဟု ဆိုပါသည်။ ရာသီဥတုပြောင်းလဲရာတွင် (EL Nino Southern Oscillation)၏ ဆိုးရွားမှုကြောင့် ၁၉၉၇-၉၈ တွင် အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုနှင့် ဆူမားတြားကျွန်းများတွင် တောမီးများလောင်ကျွမ်းခဲ့စဉ် တောနေသတ္တဝါများ နေရာရွှေ့ပြောင်းကြရာ လင်းနို့များ မလေးရှားနိုင်ငံဘက်သို့ ရောက်လာပြီး အချို့လင်းနို့များတွင် နိပါးဗိုင်းရပ်စ် (Nipah Virus) ရောဂါပိုးများပါလာကြသည်။ မလေးရှားနိုင်ငံရှိ အချို့သော ဝက်ခြံများတွင် ယင်းလင်းနို့များမှ စွန့်ပစ်သော အညစ်အကြေးများရှိ နိပါးဗိုင်းရပ်စ်ကြောင့် ဝက်ငယ်များတွင် အသက်ရှူလမ်းကြောင်းနှင့် အာရုံကြောဆိုင်ရာ ရောဂါများဖြစ်ပွားပြီး လူသို့ကူးစက်ရာ လူပေါင်း ၁၀၄ ဦးသေဆုံးခဲ့ကြသည်။ ဝက်ကောင်ရေ တစ်သန်းခန့်ကို ထိုစဉ်က သုတ်သင်ပစ်ခဲ့ရသည်ဟုဆိုပါသည်။ သဘာဝဂေဟစနစ် ပြောင်းလဲခြင်းကြောင့် တိရစ္ဆာန်မှ လူသို့ကူးစက်သော ရောဂါများပျံ့နှံ့လာခြင်းကို WHO/ FAO/ OIE report တွင် ဖော်ပြခဲ့ပါသည်။

ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ခြင်ပေါက်ဖွားမှုများပြားလာပြီး ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါစသည်တို့ ဖြစ်ပွားမှုများလာနိုင်သည်ကို သတိထားကြရပါမည်။ သုတေသီများ၏ ရောဂါပျံ့နှံ့မှုဗေဒဆိုင်ရာ လေ့လာချက်များအရ ၂၁၀၀ ခုနှစ်တွင် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ငှက်ဖျားရောဂါပျံ့နှံ့ဖြစ်ပွားမှုသည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ဖြစ်လာနိုင်သည်ဟု ဆိုကြသည်။

အချို့ ကပ်ပါးသန်ကောင်များနှင့် ပိုးမွှားများသည် မိုးကြီးခြင်း၊ စိုစွတ်ခြင်း၊ ရေကြီးခြင်းစသည်တို့ကြောင့် ရောဂါကူးစက်နိုင်စွမ်း ပိုမိုများလာသည်။ ခြင်ကြောင့်ဖြစ်သော ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါတို့သည် စိုထိုင်းမှုများပြီး မိုးကြီးသောလများတွင် ကူးစက်ပျံ့နှံ့မှု အများဆုံးတွေ့ရသည်ဟု ဆိုပါသည်။ ရေကြီးခြင်း၊ မိုးများခြင်းတို့ကြောင့် လက်ပ်တိုစပိုင်ရိုးစစ်(Leptospirosis)ရောဂါပိုးသည် ကျွဲ၊ နွား၊ ကြွက်စသည်တို့၏ အညစ်အကြေးများမှတစ်ဆင့် လူသို့ကူးစက်စေသည်။ ၂၀၀၁ ခုနှစ်က ထိုင်ဝမ်၊ တရုတ်နိုင်ငံတို့တွင် တိုင်ဖုန်းမုန်တိုင်းတိုက်ခိုက်အပြီး လက်ပ်တိုစပိုင်ရိုးစစ် (Leptospirosis) ရောဂါပြန့်ပွားခဲ့သည်။ လက်ပ်တိုစပိုင်ရိုးစစ် (Leptospirosis) ရောဂါသည် ကျွဲ၊ နွား၊ ကြွက်၊ လင်းနို့များမှ လူသို့ကူးစက်စေပြီး လူကို အသည်းရောင်အသားဝါရောဂါများ ဖြစ်စေတတ်ပါသည်။

## ရာသီဥတုပြောင်းလဲခြင်းနှင့် ဆက်နွှယ်နေသောကူးစက်ရောဂါများ

ရာသီဥတုပြောင်းလဲခြင်းသည် ကြက်များ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ခြင်းနှင့် တိုက်ရိုက်ဆက်သွယ်မှုမရှိသော်လည်း ကြက်ငှက်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်လာသော ဆောင်းခိုငှက်များနှင့် ပတ်သက်နေသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် ကြက်ငှက်တုပ်ကွေးရောဂါပိုးရှိနေသည့် ငှက်ရိုင်းများ၏ ဆောင်းခိုမှုအချိန်ကို ပြောင်းလဲစေပြီး ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိလာနိုင်မည်ကို တွက်ဆနေကြပါသည်။

ပတ်ဝန်းကျင်ရာသီဥတု ပြောင်းလဲခြင်းကြောင့် အချို့ဗက်တီးရီးယားတို့ ရှင်သန်ပေါက်ဖွားသော အလေ့အထများပြောင်းလဲလာပြီး ရောဂါကူးစက်ပြန့်ပွားကြသည်။ ဥပမာ-ထောင့်သန်းရောဂါဖြစ်တတ်သော ဗက်တီးရီးယားများသည် စပိုး(Spore) အနေဖြင့်ရှိပြီး ပတ်ဝန်းကျင်ရာသီဥတုခြောက်သွေ့ပါက မြေကြီးထဲတွင် နှစ်ပေါင်း ၂၀ မှ ၅၀ အထိ နေနိုင်သော်လည်း ရာသီဥတုပြောင်းလဲလာပါက ချက်ချင်း ထောင့်သန်းရောဂါ ဖြစ်တတ်သောပုံစံ (Vegetative form) များအဖြစ်ပြောင်းလဲပြီး ကျွဲ၊ နွားများကို (ပုံမှန်ကာကွယ်ဆေးမထိုးထားပါက) ထောင့်သန်းရောဂါဖြစ်စေသည်။ ရာသီဥတုစိုထိုင်းဆနှင့် မြေကြီး၏ ရေငွေ့စုပ်ယူနိုင်မှု စသည့်အပြောင်းအလဲများသည် ထောင့်သန်းရောဂါ စပိုး (Spore)တို့ကို ထောင့်သန်းရောဂါဖြစ်ပွားလွယ်စေသည်။ မိုးကြီးခြင်း၊ ရေကြီးခြင်း၊ အပူချိန်လွန်ကဲခြင်းတို့သည်လည်း ထောင့်သန်းရောဂါဖြစ်ပွားလွယ်စေသည်။ ထောင့်သန်းရောဂါသည် သွေးနွေးသတ္တဝါများတွင်ဖြစ်နိုင်ပြီး လူသို့ကူးစက်နိုင်သည်။ ပေါင်ပုပ်၊ လက်ပုပ်ရောဂါ၊ ခွာနာလျှာနာရောဂါ စသည်တို့သည်လည်း မိုးကြီးခြင်း၊ လေပြင်းတိုက်ခြင်းတို့ကြောင့် ရောဂါကူးစက်ပြန့်ပွားလွယ်သည်။

၂၀၀၆ ခုနှစ်ခန့်မှစတင်၍ တရုတ်နိုင်ငံ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင်ဖြစ်ပွားသော ဝက်နားရွက်ပြာရောဂါသည် ၂၀၁၀ တွင် အရှေ့တောင်အာရှနိုင်ငံများစွာသို့ ပျံ့နှံ့ခဲ့သည်။ ဝက်နားရွက်ပြာရောဂါဖြစ်စေသော ဗိုင်းရပ်စ်ပိုးသည် အေးသောရာသီဥတုတွင် ရှင်သန်နိုင်မှုကောင်းပြီး ဆောင်းတွင်းကာလများတွင် ကူးစက်ပြန့်ပွားရန် ပိုမိုလွယ်ကူပါသည်။ ပတ်ဝန်းကျင်ရာသီဥတုပြောင်းလဲခြင်းကြောင့် ရောဂါဖြစ်ပွားစေတတ်သော အဏုဇီဝပိုးတို့၏ သဘာဝဂေဟစနစ် ပြောင်းလဲလာကြသည်။ အပူချိန်များ မြင့်တက်လာခြင်းကြောင့် အစားအစာများတွင် ရောဂါအဏုဇီဝပိုးတို့ ပေါက်ဖွားမှုများ ပိုမိုများလာနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါစသည်တို့ ဖြစ်နိုင်ခြေ များလာတတ်ပါသည်။

လာမည့်ရာစုနှစ်များတွင် ဆက်လက်ရင်ဆိုင်ရမည့် ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲခြင်းဆိုင်ရာ ဗဟုသုတများ၊ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို သိရှိလေ့လာထားကြရပါမည်။ ကူးစက်ရောဂါများနှင့် ပတ်သက်သော ကျန်းမာရေးအခြေခံကာကွယ်စောင့်ရှောက်မှုများကိုလည်း နားလည်ထားရပါမည်။ ရာသီဥတုများဖောက်ပြန်ပြောင်းလဲခြင်းကြောင့် တိရစ္ဆာန်တို့၏ ကူးစက်ရောဂါများ ကာကွယ်ရန် ဇီဝလုံခြုံရေးကို အလေးပေးဆောင်ရွက်ရန် လိုအပ်ပါသည်။ ကာကွယ်ဆေးများအချိန်မှန်ထိုးရန် မမေ့ပါနှင့်။ ခြင်၊ ယင်ပေါက်ဖွားမှုမရှိရန် ဂရုစိုက်ပါ။ မိမိ၏ တိရစ္ဆာန်များ နေမကောင်းလျှင် တိရစ္ဆာန်ဆေးကုဆရာဝန်ကို အကြောင်းကြားပါ။ ရာသီဥတုများဖောက်ပြန်ပြောင်းလဲခြင်းကြောင့် မမျှော်လင့်နိုင်သော ကူးစက်ရောဂါများ ပြန့်ပွားလာနိုင်သည်ကို သတိပြုကြစေလိုပါသည်။ ။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁၂-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၆)တွင် ဖော်ပြခဲ့သော ဒေါက်တာကံညွန့်၏ အဝလွန်ပြဿနာဆောင်းပါး ကော်လံ (၁)တွင် ပါရှိသည့် 'အရပ်ကို စင်တီမီတာ' အစား 'အရပ်ကို ကီလိုမီတာ' ဟု ပြောင်းလဲပြင်ဆင်ဖတ်ရှုပါရန်။ (ဆောင်းပါးရှင်)



# လှိုင်သာယာမြို့နယ်၌ စုပေါင်းလမ်းလျှောက်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၄ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့စုရပ်မှ အောင်ဇေယျကြိုးတံတားအထိ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နှင့် ကျေးရွာများမှ ကျန်းမာရေးလိုက်စားသူများ အင်အား ၃၀၀၀ ကျော်ဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲကြကာ **(အပေါ်ပုံ)** တံတားပေါ်အရောက်တွင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သိရသည်။

(၃၂၉)

# အများပြည်သူသုံး ရေကန်အတွင်း ငါးမျိုးစိုက်ထည့်

သနပ်ပင် ဒီဇင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ငါးလုပ်ငန်းစခန်းမှ သနပ်ပင်မြို့ ဈေးပိုင်းကျွန်းသာယာရပ်ကွက်ရှိ အများပြည်သူသုံး ရေကန်အတွင်း ငါးခုံးမကောင်ရေ ၁၀၀၀၀ ငါးမျိုးစိုက်ထည့်ပွဲကျင်းပသည်။ **(အောက်ပုံ)**

ငါးမျိုးစိုက်ထည့်ရာသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်ဇော်ဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများ စုပေါင်းငါးမျိုးစိုက်ထည့်ကြသည်။

ဆက်လက်၍ အများပြည်သူသုံး ရေကန်အတွင်း သန့်ရှင်းသော ရေကောင်းရေသန့် ရရှိစေရန်အတွက် ဒိုက်၊ မှော်များအားလုံး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

(မြို့နယ်ပြန်/ဆက်)



# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၂-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅ ၈။ တေးသရုပ်ဖော်အစီအစဉ်
၈း၁၅ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅ ၁၀။ "ဖွံ့ဖြိုးတိုးတက်မှုအစုံ မုံရွာစက်မှုဇုန်"
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ အကပဒေသာ
၄း၁၅ ၃။ တေးဂီတအစီအစဉ်
၄း၂၅ ၄။ "စက်မှုတပ်ဆင်လုပ်ငန်းတွင်"
၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၂၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၂၈)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၁၁)**
၁၉။ **အိန္ဒိယရုပ်ရှင် "ချစ်သူနားခိုရာ"(အပိုင်း-၁)**
၂၀။ အစီအစဉ်ပြီး၏။

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ဒီဇင်ဘာ ၁၃ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ကြေးမုံသတင်းအဖွဲ့က သက်ဆိုင်ရာ စာရေးဆရာများထံသို့ သွားရောက်၍ တွေ့ဆုံမေးမြန်းခဲ့သမျှကို ဆက်လက်ဖော်ပြလိုက်ပါသည်။

# အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရစာပေပညာရှင်များနှင့် တွေ့ဆုံခြင်း

**တွေ့ဆုံမေးမြန်း-သန်းလွင်၊ သီဟကိုကို(မန္တလေး)၊ ဓာတ်ပုံ-သန့်ဇင်ထွန်း၊ သီဟကိုကို(မန္တလေး)**

## ၂၀၁၀ ခုနှစ် အမျိုးသားစာပေဆု မန္တလေးမြို့မှ စာရေးဆရာနှစ်ဦး ရရှိ

၂၀၁၀ ခုနှစ် အမျိုးသားစာပေဆုများကို ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီမှ ဒီဇင်ဘာ ၁၃ ရက်က ထုတ်ပြန်ခဲ့ရာ မန္တလေးမြို့မှ စာရေးဆရာကြီးနှစ်ဦးဖြစ်သည့် နေဝင်းမြင့်က **"ရေကန်သာကြာတိုင်းအေး"** စာအုပ်ဖြင့် ဘာသာပြန် (ရသ)ဆုရ ဆရာနေဝင်းမြင့်၊ ဆရာကြီးဦးဟန်ထွန်းက **"နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်း"** ဖြင့် သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုတို့ ရရှိခဲ့သည်။ ဆရာကြီးဦးဟန်ထွန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မြင်းပေါက်ရွာနေ အရိုးအကြောဆရာကြီး ဦးဘိုးရှိန်နှင့် ဒေါ်ချစ်ယုံတို့မှ ၁၂၈၂ ခုနှစ် တပို့တွဲလတွင် မွေးဖွားခဲ့ပြီး သားသမီးခုနစ်ဦးအနက် အငယ်ဆုံးသားဖြစ်သည်။ ပါဠိ စာပေကို ဓမ္မာစရိယဘွဲ့ရသည်အထိ သင်ကြားခဲ့ပြီး ဟိန္ဒူ ဘာသာ၊ သသ်ကရိုက်တို့ကိုလည်း သင်ကြားခဲ့သည်။



**"ရေကန်သာ ကြာတိုင်းအေး" စာအုပ်ဖြင့် ဘာသာပြန် (ရသ)ဆုရ ဆရာနေဝင်းမြင့်။**



**"နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်း" ဖြင့် အမျိုးသားစာပေဆု ချီးမြှင့်ခံရသည့် ကွယ်လွန်သူ ဆရာကြီး ဦးဟန်ထွန်း။**

ဝိဇ္ဇာဘွဲ့၊ ပညာရေးဘွဲ့များရရှိခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် တိုင်းရင်းဆေး ပညာစာမေးပွဲကို ဒေသနာနယ၊ ဗေဒတ္ထနယ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ သာသနာရေးဌာန ပိဋကတ်တော် မြန်မာပြန်ဌာနခွဲ၌ စာပြုအယ်ဒီတာ၊ ပိဋကတ်တိုက်အုပ်အဖြစ် ၁၀ နှစ်၊ ပညာရေးဌာနတွင် အထက်တန်းပြ ဆရာအဖြစ် ငါးနှစ် အမှုထမ်းခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၌ အုပ်ချုပ်ရေးအရာရှိ(စီမံကိန်း)၊ တိုင်းရင်းဆေးပညာမွမ်းမံ သင်တန်းကျောင်းအုပ်၊ တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီး၊ တိုင်းရင်းဆေးရုံ(မန္တလေး)ဆေးရုံအုပ်၊ တိုင်းရင်းဆေးပညာ အကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ကာ တရုတ်ရိုးရာ တိုင်းရင်းဆေးပညာကို လေ့လာခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် အာရှပစိဖိတ်ဒေသရှိ ဆေးဖက်ဝင်အပင်များ အာနိသင်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ဆရာကြီးဦးဟန်ထွန်းသည် အငြိမ်းစားယူကာ ဘာသာရေးလုပ်ငန်းများလုပ်ကိုင်ရင်း တိုင်းရင်းဆေးကျမ်းများ ရေးသားခဲ့သည်။ လက်တွေ့အသုံးချ မြန်မာ့ကုထုံးဆေးပညာကျမ်း၊ ပထမနှင့် ဒုတိယ လက်တွေ့အသုံးချ မြန်မာ့ဆေးနည်းတိုကျမ်း၊ လက်တွေ့အသုံးချမြန်မာ့နက္ခတ်ဆေးပညာကျမ်း၊ ဗုဒ္ဓခေတ်မှ ဆေးဝါးများ၊ ဗုဒ္ဓဘာသာသိစရာ ကျင့်စရာစာအုပ်တို့ ရေးသားခဲ့ပြီး **"နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်း"** ဖြင့် သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုရခဲ့သည်။ ဆရာကြီး ဦးဟန်ထွန်းသည် မန္တလေးမြို့ ပြည်လုံးချမ်းသာရပ်၌ တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့အကျိုးပြုကုသရင်း အသက် (၉၁)နှစ်အရွယ်တွင် ၂၀၁၁ ခုနှစ် ဇွန် ၂၉ ရက်က ကွယ်လွန်ခဲ့သည်။

အမျိုးသားစာပေဆု တတိယအကြိမ်ရရှိခဲ့သည့် စာရေးဆရာ နေဝင်းမြင့်သည် ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ၌ အဖ ဦးဘရွှေ၊ အမိ ဒေါ်သိန်းတို့မှ ဖွားမြင်ခဲ့ပြီး အမည်ရင်းမှာ ဦးခင်မောင်ဝင်း ဖြစ်သည်။ ဒသမတန်းအထိ ပညာသင်ကြားခဲ့ပြီး ဒညင်းကုန်းအုတ်စက်ရုံတွင် ပညာသည် (ထုတ်လုပ်ရေး) တာဝန်ထမ်းခဲ့သည်။

ပထမဆုံးဖော်ပြခံရသော စာမူမှာ မိုးဝေမဂ္ဂဇင်းတွင်ပါသော **"ခေတ်ပေါ်မြန်မာဇာတ်သဘင်ရဲ့အပြစ်အကျိ"** ဖြစ်သည်။ မဂ္ဂဇင်းများတွင် ဝတ္ထုတို ၁၀၀ ကျော်၊ ဘာသာပြန်ဝတ္ထုနှင့် ဆောင်းပါးများ၊ ကဗျာခံစားမှု ဆောင်းပါးများ၊ **"ခန"** မဂ္ဂဇင်း မျက်နှာဖုံးဆောင်းပါးများ ရေးသားခဲ့သည်။

**"ဆယ့်နှစ်ကြိုးဝတ္ထုတိုများ"** ဖြင့် ၁၉၉၂ ခုနှစ် အမျိုးသားစာပေဝတ္ထုတိုပေါင်းချုပ်ဆုရခဲ့ပြီး အိမ်ကလေး ၁၆ လုံး ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆု နှစ်ကြိမ်ရခဲ့သည်။ ဝတ္ထုတိုအချို့ကို ဂျာမန်၊ ဂျပန်၊ ဟိန္ဒီ၊ အင်္ဂလိပ်ဘာသာသို့ ဘာသာများ ပြန်ဆိုခဲ့ကြသည်။ ဇနီးစာရေးဆရာမ ခင်ခင်ထူးနှင့်အတူ မန္တလေးတွင် စာပေရေးသားခြင်းဖြင့် အသက်မွေးနေထိုင်လျက်ရှိသည်။ စာရေးဆရာနေဝင်းမြင့်သည် ဝတ္ထုရေးသူအဖြစ် ထင်ရှားသည်။ **"ခန"** မဂ္ဂဇင်းတွင် အောင်မောင်း၊ ဝင်းဖွေး အမည်ဖြင့် စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ အင်တာဗျူးများ ရေးသားခဲ့သူဖြစ်သည်။ ၂၀၁၀ ခုနှစ် ဘာသာပြန်သုတဆုရခဲ့သည့် စာအုပ်သည် အိန္ဒိယစာရေးဆရာ ရေးသားသော The Glass Palace ကို **"ရေကန်သာကြာတိုင်းအေး"** အဖြစ် ဘာသာပြန်ဆိုခဲ့သည်။ The Glass Palace သည် မျိုးဆက်သုံးဆက်၏ အံ့ချီးဖွယ်၊ လွမ်းဆွတ်ဖွယ်ဝတ္ထု ဖြစ်သည်။ မန္တလေး၊ ရတနာဂီရိ၊ ရွှေတန်းစစ်မျက်နှာ၊ ဖန်ရောင်မှန်ရောင်ရွှေနန်းတော်အပါအဝင် အခန်းကြီး (၇)ခန်း၊ အခန်းငယ် (၄၈)ခန်း ပါရှိသည်။

**"ကျွန်တော်တို့ဆီမှာ ဘာသာပြန်ဆရာကြီးတွေဖြစ်တဲ့ ဆရာမြသန်းတင့်၊ ဆရာမောင်ထွန်းသူ၊ ဆရာကျော်အောင် အစရှိသဖြင့် မရှိကြတော့ဘူး၊ ဘာသာပြန်မယ့်သူတွေ အများကြီးလိုတယ်၊ အဲဒီအထဲ ကျွန်တော်တစ်ယောက် အနေနဲ့ ဝင်ပါတာပါ "** ဟု ပြောကြားခဲ့သည်။

## နေရှူးရေးတဲ့ အိန္ဒိယနိုင်ငံအကြောင်း နိုင်ငံရေးဝါသနာပါသော မြန်မာလူငယ်တွေ သိစေချင်သည်ဟုဆို

နိုင်ငံ့ရတနာ အနာဂတ်နိုင်ငံ့ခေါင်းဆောင်များကို ပြုစုပျိုးထောင်ပေးနေသော တောင်ဥက္ကလာပ ကျိုက္ကဆံဘုရားအနီး လှမ္မိနီဥယျာဉ်တွင် ပညာမျှဝေပေးနေသည့် ဆရာကြီး ဦးဘိုးလှိုင်ကို သွားရောက်တွေ့ဆုံခဲ့သည်။

ဆရာကြီး ဦးဘိုးလှိုင်သည် ၂၀၁၀ ခုနှစ် ဘာသာပြန်(သုတ) အမျိုးသားစာပေဆုကို "အိန္ဒိယကိုတွေ့ရှိခြင်း" စာအုပ်ဖြင့် ဆွတ်ခူးရရှိခဲ့၍ အမျိုးသားစာပေဆုကို ဒုတိယအကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။ "ဦးနှောက်များကို မီးညှိခြင်း" စာအုပ်ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်)ကို ၂၀၀၄ ခုနှစ်ကလည်း ပထမအကြိမ် ရရှိခဲ့ပြီးဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်က "ဘက်ညီမှုနှင့် ရုပ်လောကနိယာမများ" (ကိုယ်တိုင်ရေး) စာအုပ်ဖြင့် ဒေါက်တာတင်ထွန်းဦး စာပေဆု (သိပ္ပံ)ကို ရရှိခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင်လည်း VICTORY INTO DEFEAT (အင်္ဂလိပ်ဘာသာဖြင့်ရေးသည်) စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုကို ရရှိခဲ့ပါသည်။

ဆရာကြီးသည် မုံရွာခရိုင် အရာတော်မြို့နယ် သခွတ်ပင်လယ်ရွာဇာတိဖြစ်၍ ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် ပညာရည်နို့သောက်စို့ကာ မန္တလေးဒိုင်အို အထက်တန်းကျောင်း၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် ဆက်လက် ပညာသင်ကြားခဲ့သည်။ ကိုလံဘိုစီမံကိန်းအရ လန်ဒန်တက္ကသိုလ်တွင် ပညာသင်ကြား၍ M.Sc နှင့် PH.D ဘွဲ့များ ရရှိခဲ့ပါသည်။

မကွေးကောလိပ် (ယခုတက္ကသိုလ်)၊ ရန်ကုန်၊ မော်လမြိုင်၊ မန္တလေးတက္ကသိုလ်တို့တွင် ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မန္တလေးတက္ကသိုလ်တွင် တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရာမှ အငြိမ်းစားယူခဲ့၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် အနားယူခဲ့သော်လည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံနည်းပညာရှင်အဖွဲ့တွင် အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။

ဤစာအုပ်ကို ဘာသာပြန်ဆိုရခြင်း၏ အကြောင်းရင်းရှိခဲ့မည်ဆိုလျှင် သိပါရစေဆိုသည့် အခါမှာတော့ ဆရာက ဤသို့ ပြောပါသည်။

" ဒီစာအုပ်ကို အိန္ဒိယနိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဂျာဝါဟာလာနေရှူး ရေးတာ၊ ၁၉၆၄ ခုနှစ်ကတည်းက ကျွန်တော်ဖတ်ခဲ့တာ၊ အဲဒီတုန်းက မန္တလေးတက္ကသိုလ် ရူပဗေဒပါမောက္ခ အာလီအာမက်က ဘာသာပြန်ဆိုဖို့ ကျွန်တော့်ကို တိုက်တွန်းခဲ့ပါတယ်။ နောက်သီတဂူဆရာတော်နဲ့ တွေ့ဆုံတုန်းကလည်း ဒီစာအုပ်အကြောင်းလျှောက်တော့ ဆရာတော်ကလည်း စိတ်ဝင်စားတယ်။ အိန္ဒိယနိုင်ငံအကြောင်း စာအုပ်တွေထဲမှာ ဒီစာအုပ်က အလွန်ပြည့်စုံတဲ့ စာအုပ်ပါ။ ဒီစာအုပ်ထဲမှာ အိန္ဒိယနိုင်ငံရဲ့ သမိုင်းလည်းပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ယဉ်ကျေးမှုလည်း ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဘာသာရေးနဲ့ အတွေးအခေါ်လည်း ပါတယ်။ အိန္ဒိယနိုင်ငံကြီး လွတ်လပ်ရေးရရှိဖို့ နေရှူးတို့ ရုန်းကန်လှုပ်ရှားကြပုံလည်းပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် နေရှူးမျှော်မှန်းတဲ့ ကမ္ဘာ့နိုင်ငံများနဲ့ ဆက်ဆံရေးလည်းပါတယ်။ နောက်ဆုံးအခန်းမှာတော့ အခုခေတ်စားနေတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း (ကမ္ဘာ့ရွာ)ကိုလည်း ရေးထားပါတယ်။ ဒါတွေကို ကျွန်တော်တို့ နိုင်ငံက နိုင်ငံရေးဝါသနာပါတဲ့ လူငယ်တွေ သိစေချင်တာပါ"



**ဘာသာပြန်(သုတ)အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဦးဘိုးလှိုင်။**

ဘာသာပြန်လုပ်ငန်းနှင့် ပတ်သက်၍ ဆရာကသူ၏ အတွေးအမြင်ကို ဆက်လက်ပြောပြပါသည်။

"ဘာသာပြန်တဲ့ကိစ္စမှာ ကျွန်တော်တို့ မြန်မာတွေ အားနည်းနေပါတယ်။ မြန်မာလိုရေးထားတဲ့ စာအုပ်ကိုသာ ဖတ်ရင်တော့ ဟုတ်သလိုလိုပဲ၊ ဒါပေမယ့် အင်္ဂလိပ်မူရင်းနဲ့ ယှဉ်ဖတ်ကြည့်ရင် တက်တက်စင်လွဲနေတာတွေကို တွေ့ရတယ်။ အင်္ဂလိပ်စာအားနည်းနေတယ်၊ တက္ကသိုလ်တွေမှာ ဘာသာပြန် အထူးပြုဘာသာရပ်ကို ထည့်သွင်းသွားရင်ကောင်းမယ်ထင်တယ်"

ဆရာ့အနေဖြင့် နောက်ထပ်ရေးသားမည်ဟု စဉ်းစားထားသော စာအုပ်များရှိလျှင် သိပါရစေဟု ဆိုသည့်အခါမှာ ဆရာက သူဖတ်ထားခဲ့သော စာအုပ်များကို အခြေခံပြီး "ဗြိတိသျှအင်ပါယာ၏သမိုင်း"ဆိုပြီး ရေးရန်စိတ်ကူးထားသည်ဟု ဆိုပါသည်။





## ရေပေါ်ပိုက်လှောင်အိမ်ဖြင့် ပြုစုမွေးမြူခဲ့သော ငါးများအား ခပေါင်းဆည်အတွင်း လွှတ်ချမွေးမြူ

**တောင်ငူ ဒီဇင်ဘာ ၂၅**

တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်လွင်ဝင်းနှင့် ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅)မှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် ခပေါင်းဆည်အတွင်း ရေပေါ်ပိုက်လှောင်အိမ်များဖြင့် ရက်ပေါင်း ၁၀၀ ကျော် ပြုစုမွေးမြူရာမှ ရရှိသော ငါးသားပေါက်များကို ဆည်အတွင်း လွှတ်ချမွေးမြူခြင်း စုပေါင်းဆောင်ရွက်ခဲ့ကြသည်။**(အပေါ်ပုံ)**

ခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုလုပ်ငန်းတစ်ရပ်အနေဖြင့် ကျေးလက်နေပြည်သူများငါးစားသုံးမှု ဖူလုံစေပြီး တစ်ဖက်တစ်လမ်းမှဝင်ငွေတိုးစေရန်နှင့် ငါးသယံဇာတများ တိုးပွားလာစေရန်အတွက် ဆည်မြောင်းတာတမံများအတွင်း ငါးမျိုးများ စိုက်ထည့်ခဲ့သည်။ ထိုသို့ ငါးမျိုးများ စိုက်ထည့်လျက်ရှိရာတွင် ကြီးထွားနှုန်းကောင်းမွန်စေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရန် ရည်ရွယ်လျက် ခပေါင်းဆည်အတွင်း ငါးခုံးမကြီးသားပေါက်ကောင်ရေ ၃၅၀၀၀ ခန့်ကို ရက်ပေါင်း ၁၀၀ ကျော် ရေပေါ်ပိုက် လှောင်အိမ်များဖြင့် ပြုစုမွေးမြူခဲ့ပြီးမှ ယခုကဲ့သို့ ဆည်အတွင်း လွှတ်ချမွေးမြူခဲ့ခြင်း ဖြစ်သည်။

ငါးသားပေါက် ပြုစုမွေးမြူရာတွင် အဖတ်တင်နှုန်း ၇၀ ရာခိုင်နှုန်းရှိကြောင်း၊ အကြီးဆုံးငါးအရွယ်အစား ၁၅ စင်တီမီတာနှင့် အငယ်ဆုံးငါးအရွယ်အစား ခြောက်စင်တီမီတာခန့်ရှိကြောင်း သတင်းရရှိသည်။ ကိုလွင်(ဆွာ)

## ရန်ကြီးအောင်နှင့် ချမ်းမြမာလာ ခုံးကျော်တံတားများ စက်ဘီး၊ ဆိုင်ကယ် ဖြတ်သန်းခွင့်မပြု

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးမြို့သည် စီးပွားရေးဖွံ့ဖြိုးလာပြီး လူဦးရေထူထပ်လာမှုနှင့်အတူ ယာဉ်သုံးစွဲမှု များပြားလာသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ စာရင်းအရ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း မော်တော်ယာဉ် ၅၄၂၁၈ စီး၊ မော်တော်ဆိုင်ကယ် ၃၀၀၇၄၅ စီး၊ အခြား စက်တပ်ယာဉ် ၆၂၂၈ စီး၊ ဆိုက်ကား ၁၃၉၀၀ စီး၊ မြင်းလှည်း ၆၁၈ စီး၊ ခန့်မှန်းစက်ဘီး ၃၀၀၀၀၀ ခန့်ရှိပြီး နေ့စဉ်လူနှင့် ယာဉ်တိုက်မှုများကြောင့် သေဆုံး၊ ဒဏ်ရာရမှုများ ရှိခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလအထိ ယာဉ်၊ လူနှင့် ယာဉ်တိုက်မှု ၂၉၈ မှုဖြစ်ပွားခဲ့ပြီး ၉၈ ဦး သေဆုံးကာ ၃၇၆ ဦး ဒဏ်ရာရခဲ့သည်။

မြို့တွင်းလမ်းများ အဆင့်မြှင့်တင် တိုးချဲ့ခဲ့သော်လည်း ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်၊ အလုပ်ပြန်ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သဖြင့် မန္တလေးမြို့၏အဓိက အရှေ့အနောက် ဖြတ်လမ်းကြီးများဖြစ်သော(၃၅)လမ်း၊(၇၈) လမ်းနှင့် လမ်း ၈၀ ကြားရှိ ရန်ကြီးအောင် မီးရထားခုံးကျော်တံတားနှင့် (၄၂)လမ်း၊ (၇၈) လမ်းနှင့် (၈၁)လမ်းကြားရှိ ချမ်းမြမာလာ မီးရထားခုံးကျော်တံတားပေါ်သို့ ဒီဇင်ဘာ ၂၀ ရက်မှစ၍ စက်ဘီး၊ ဆိုင်ကယ်များအား ဖြတ်သန်းခွင့်မပြုတော့ကြောင်း သိရသည်။ (သီဟကိုကို)

**နိုဝင်ဘာ ၂၅ ရက်က ရွှေပြည်သာ အမှတ်(၄၄) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပဥ္စမတန်းအထိ ခြောက်နှစ်ဆက်တိုက် ပထမဆုရသူ မောင်ထွန်းလင်းနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့သန်း ဆုချီးမြှင့်စဉ်။** (ကြေးမုံ)



# ဘဏ်တွင် ငွေကြေးကိစ္စ လာရောက်ဆောင်ရွက်ကြသူများ ဘဏ်လုပ်ငန်းအပေါ် စိတ်ကျေနပ်မှုအပြည့်အဝရရှိကြစေရန် အကောင်အထည်ဖော်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ငွေရေးကြေးရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေသည့် ဘဏ်လုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ယခုသင်တန်းသို့တက်ရောက်မည့် သင်တန်းသားများအနေဖြင့် အရာထမ်းအဆင့်နှင့် လျော်ညီစွာ မိမိတို့တာဝန်ယူထမ်းဆောင်ရသည့်လုပ်ငန်း၏ သဘောသဘာဝ၊ အတိမ်အနက်ကို သိရှိနားလည်စေရန် လိုအပ်ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲ၊ ခရိုင်ဘဏ်ခွဲ တစ်ဘဏ်ချင်းစီ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာမှုမှသည် မြန်မာ့စီးပွားရေးဘဏ်တစ်ခုလုံး၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မား အောင်မြင်မှုပုံရိပ်ဖြစ်ပေါ်လာမည်ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချပေးမည့် ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ကျွမ်းကျင်ပိုင်နိုင်အောင် သင်ကြားကြရန် အထူးအရေးကြီးကြောင်းဖြင့် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေး ဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သင်တန်းတွင် သင်ကြားပေးမည့် ဘဏ်လုပ်ငန်းဆိုင်ရာပညာရပ်များကို လေ့လာသကဲ့သို့ ဘဏ်တွင်ငွေကြေးကိစ္စရပ်များ လာရောက်ဆောင်ရွက်သူများအနေဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိတ်ကျေနပ်မှုအပြည့်အဝရရှိစေရန် ဖြည့်ဆည်းပေးမည့် အစီအမံများကိုလည်း ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အသုံးချခြင်းကို တိုးချဲ့ဆောင်ရွက်သွားနိုင်ရန်လည်း လေ့လာကြရန်လိုအပ်ကြောင်း ပြောကြားပြီး သင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများနှင့် သင်ခန်းစာသင်ကြားပို့ချပေးမည့် သင်တန်းဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ သင်တန်းပို့ချပေးမည့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၅၁ ဦးသည် ရက်သတ္တလေးပတ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေစည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ပညာဗဟုသုတများ၊ မျက်မှောက်စီးပွားရေးရာအခြေအနေများ စသည်တို့ကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## အမှာစကားပြောကြား

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

**မကွေး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လှူဒါန်းသည့် အလှူငွေကျပ်ငါးသိန်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ နိုဝင်ဘာ ၂၅ ရက်တွင် မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

(မွေး/ကု)

# ပတ်ဝန်းကျင် ပိုမိုသန့်ရှင်းသပ်ရပ်လှပစေရန် လူသွားစင်္ကြံလမ်း ကျောက်ပြားခင်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

အများပြည်သူ စိတ်ချမ်းမြေ့လွယ်ကူစွာ သွားလာနိုင်စေရန်နှင့် ပတ်ဝန်းကျင်ပိုမိုလှပသပ်ရပ်သန့်ရှင်းစေရန်ရည်ရွယ်၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းဆုံရှိ လူသွားစင်္ကြံ (ပလက်ဖောင်း) များအား Orchid Hotel မှ တာဝန်ယူ ပြုပြင်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းဆုံရှိ လူသွားစင်္ကြံ (ပလက်ဖောင်း)အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြုပြင်ခြင်းဖြစ်၍ ကုန်ကျစရိတ်ကို Orchid Hotel မှ ကျခံကြောင်း သိရှိရပြီး ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အမီ လမ်းအလှူဖွင့်ပွဲပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)




# အခြေခံပညာမူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြို့ သိမ်ကြီးဈေး အေရုံ၊ ဘီရုံ ဈေးသူဈေးသားများက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ခြောက်တဲစုကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သိမ်ကြီးဈေး အေရုံ၊ ဘီရုံ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ခြောက်တဲစုကျေးရွာ မူလတန်းကျောင်းနှင့် တိုက်နယ်ဆေးရုံတို့အတွက် ဆိုလာပြားများ၊ ကျောင်းမြေအလှူရှင် ဦးဝင်းထွန်း မိသားစုနှင့် ဦးတင်အုန်း မိသားစုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ မူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများကိုပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် သုံးခွမြို့နယ် ခြောက်တဲစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ပြည်ပအလုပ်အကိုင်အတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် တိုက်ရိုက်မှတ်ပုံတင်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ထိုင်းနိုင်ငံမှ တင်ပြလာသော Job Offer များကို တာချီလိတ်၊ ကော့သောင်း၊ မြဝတီ အလုပ်အကိုင်ရှာဖွေရေးရုံးများတွင် ကြော်ငြာပေးလျက်ရှိရာ အလုပ်ရှာဖွေသူများသည် မှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသားကတ်ပြလျက် အဆိုပါရုံးများ၌ မှတ်ပုံတင်ခြင်း၊ တစ်ပြိုင်တည်းတွင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ ကိုယ်ရေးဖြည့်ခြင်း၊ ထိုင်းအလုပ်ရှင်၏ လာရောက်ရွေးချယ်မှုကို စောင့်ဆိုင်းခြင်း၊ လာရောက်ရွေးချယ်စဉ် အလုပ်သမားသည် စာချုပ်ပါ အကြောင်းအရာများကို သဘောတူပါက အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ဆေးစစ်ခြင်း၊ Calling နှင့် Work Permit စောင့်ခြင်း၊ ထိုင်းအလုပ်ရှင်မှ လာရောက်ခေါ်ယူခြင်း စသော လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နေကြသည်။ အဆိုပါ လုပ်ငန်းစဉ်တွင် ထိုင်းဘက်မှ Calling ကျသည်အထိ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းတို့၌ ၂၀ ရက်မှ ၄၅ ရက်အထိ စောင့်ဆိုင်းဆောင်ရွက်ရသည်။ Calling များကျချိန်တွင် ထိုင်းအလုပ်ရှင်က လာရောက်ခေါ်သောအခါ မြန်မာနိုင်ငံမှ ထုတ်ပေးသော Temporary Passport၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုဆိုင်ရာ Smart Card ထုတ်ယူပြီး အလုပ်ရှင် (သို့မဟုတ်) အလုပ်ရှင်ကိုယ်စားလှယ်ဖြင့် ထိုင်းနိုင်ငံ လုပ်ငန်းခွင်သို့ သွားရောက် အလုပ်လုပ်ကြရသည်။

ယင်းလုပ်ငန်းစဉ်၌ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့တို့တွင် ရက် ၂၀ မှ ၄၅ ရက်အထိ စောင့်ဆိုင်းရသောကြောင့် နေစရိတ်၊ စားစရိတ်များ ကုန်ကျမှုရှိသော်လည်း တရားဝင်ခိုင်မာသော အထောက်အထားများဖြင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်နိုင်ကြသည်။ သို့ရာတွင် အချို့သော အလုပ်သမားများသည် အတွေ့အကြုံဗဟုသုတနည်းခြင်း၊ လူမှောင်ခိုများ၏ ယုံကြည်လောက်ဖွယ် မြူဆွယ်ခြင်းများကြောင့် တရားဝင်အထောက်အထားရယူခြင်း၊ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ခြင်း မပြုကြသဖြင့် ထိုင်းနိုင်ငံသို့ ရောက်ရှိပြီးနောက် လူရောင်းစားခံရခြင်း၊ လုပ်ခလစာမရခြင်း၊ အဓမ္မအလုပ်ခိုင်းခြင်း၊ အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေတွင် အလုပ်လုပ်နေရခြင်း စသည်တို့ ကြုံတွေ့နေကြရသည်။

ယင်းအခြေအနေများကြောင့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီသည် ထိုင်းနိုင်ငံ၌ သွားရောက်အလုပ်လုပ်လိုသော အလုပ်သမားများ ကုန်ကျစရိတ် သက်သာစေရန်အတွက် ရန်ကုန်မြို့တွင် မှတ်ပုံတင်ခြင်း၊ ရွေးချယ်ခြင်း၊ Calling စောင့်ခြင်းများ ပြုလုပ်စေပြီး Calling ကျသူများအား လေကြောင်းဖြင့် ရန်ကုန်-တာချီလိတ်၊ ရန်ကုန်-ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ရန်ကုန်-မြဝတီမှ ထိုင်းနိုင်ငံသို့ လည်းကောင်း၊ ရန်ကုန်မှ တိုက်ရိုက်လေကြောင်းဖြင့် ထိုင်းနိုင်ငံသို့ လည်းကောင်း သွားရောက်အလုပ်လုပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ထို့အပြင် နယ်များတွင် တစ်ဆင့်ခံစုဆောင်းသော နယ်ပွဲစားများ၏ ခေါင်းပုံဖြတ်ခြင်း ကင်းဝေးစေရန်အတွက်လည်း အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် ပြည်ပအလုပ်အကိုင်အတွက် တိုက်ရိုက်မှတ်ပုံတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အထူးသဖြင့် ထိုင်းနိုင်ငံအတွက် အလုပ်ကမ်းလှမ်းလွှာများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၌ ကြော်ငြာခြင်း၊ မှတ်ပုံတင်လက်ခံခြင်းများ ပြုလုပ်ပေးပြီး ထိုင်းအလုပ်ရှင် (သို့မဟုတ်) အလုပ်ရှင်ကိုယ်စားလှယ်က ရွေးချယ်နိုင်ရေး၊ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး၊ ဆေးစစ်ဆေးနိုင်ရေး၊ ထွက်ခွာနိုင်ရေးများ လုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဥတုရာသီ တောက်ပိုမိုး၏**

❖ **ကျောဖုံးမှ**

မြန်မာ့ရေပိုင်နက်နှင့် ငါးဖမ်းခွင့်ရှိသော ရေပြင်စီးပွားရေးဇုန်သည် ရေထွက်ပစ္စည်းသယံဇာတ ပေါကြွယ်ဝသောဒေသတစ်ခုဖြစ်သဖြင့် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအနေဖြင့် စီးပွားဖြစ်ဖမ်းဆီးရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးနှင့် ငါးသယံဇာတများ မျိုးပြုန်းတီးမှုမရှိစေရေးအတွက် စနစ်တကျ ဖမ်းဆီးထုတ်လုပ်ရန် အရေးကြီးပါကြောင်း၊ ငါးပေါက်ဖွားကြီးပြင်းရာနေရာများဖြစ်သော ဒီရေတောများ၊ လမုလမဲ့တောများအား ကာကွယ်ထိန်းသိမ်းရန် တာဝန်ရှိပါကြောင်း၊ သို့မှသာ ကမ်းနီးဒေသပြည်သူများဖြစ်သည့် ပိုက်သမားများ၊ လက်လုပ်လက်စားများ၊ ပြည်သူများအနေဖြင့် စားဝတ်နေရေးပြေလည်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်တွင်းစားသုံးမှုအတွက် ငါးများဖြန့်ဖြူးရောင်းချရာတွင် တစ်ဆင့်ခံရောင်းချနေသဖြင့် ငါးဈေးနှုန်းများကြီးမြင့်နေပါကြောင်း၊ ငါးလက်ကားအရောင်းဒိုင်မှ စားသုံးသူပြည်သူများ၏ လက်ဝယ်သို့ တိုက်ရိုက်ရောင်းချနိုင်ပါက ငါးဈေးနှုန်း ကျဆင်းသွားမည်ဖြစ်၍ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဗဟိုသမဝါယမအသင်းအနေဖြင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ရှိပြီးဖြစ်သည့် အခြေခံစားသုံးသူ သမဝါယမအသင်းမှတစ်ဆင့် ပြည်သူများ၏ လက်ဝယ်သို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားပြီး ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်းစားသုံးရန်အတွက် ရေငန်ငါးမျိုးစုံအား လေလံစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကမ္ဘောဒီးယားဝန်ကြီးနှင့်အဖွဲ့အား တောင်သူပညာပေးစိုက်ကွင်းပြသ
# နှစ်နိုင်ငံကြား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၅

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့်အတူ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ခေတ်မီစက်မှုလယ်ယာစနစ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းသို့ လာရောက်လေ့လာသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီး H.E. Mr. Chan Sarum Ministry of Agriculture, Fishries and Forestry နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး စိုက်ကွင်းအတွင်း လိုက်ပါရှင်းလင်းပြသသည်။**

ရှေးဦးစွာ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသော ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား၊ မုန်ညင်း၊ မုန်လာ၊ ဂေါ်ဖီ၊ ဆလတ်၊ သခွားမွှေး၊ ဖရဲ၊ ပန်းမျိုးစုံ ပြကွက်များကို တစ်ခုချင်း ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရှင်းလင်းပြသသည်။

ထို့နောက် တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းအနီးရှိ ၁၄ ရက်သား သက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း၊ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ပုလဲသွယ်စပ်မျိုးစပါး ပျိုးပေါင်များကို ကြည့်ရှုလေ့လာကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ပုလဲသွယ်စပ်မျိုးစပါးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော် ကမ္ဘောဒီးယားဝန်ကြီးတို့သည် တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းသို့ ရောက်ရှိကြပြီး ငရုတ်၊ ဆလတ်၊ ဆလတ်နီ၊ မုန်ညင်းမျိုးကွဲအမျိုးမျိုး၊ မုန်လာအမျိုးမျိုး၊ မုန်လာဉနီ၊ ဂေါ်ဖီ၊ ရွှေဖရုံ၊ သခွား၊ ဖရဲသခွား၊ ကိုက်လန်၊ စူကီနီ၊ ကန်စွန်းနှင့် ဆွတ်ခူးရန်အသင့်ဖြစ်နေသော ရက်သား ၅၀ ရှိ ရွှေသခွားမွှေးစိုက်ခင်း၏ သီးလုံးအရွယ်အစား၊ အရောင်အဆင်း၊ ထောပတ်ခရမ်းများ၏ ပန်းပွင့်နေမှုများ၊ စိုက်ကွင်းအတွင်းရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ၃၅ မျိုးအား တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ စိုက်ခင်းအနီး ရှင်းလင်းဆောင်၌ တောင်သူပညာပေးစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေသောရှုခင်းကို ကြည့်ရှုအားပေးလျက် မြန်မာနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံကြား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ခင်မင်ရင်းနှီးစွာဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က



လက်ဆောင်ပန်းချီကားကို ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီး H.E. Mr. Chan Sarum အား ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့များသည် စိုက်ကွင်းအတွင်းရှိ နည်းပညာပေး GREEN HOUSE ၌ သစ်ခွအမျိုးမျိုး၊ ပန်းအလှပင်မျိုးစုံတို့အား အပူချိန်နှင့် စိုထိုင်းဆကို ထိန်းညှိထားသော နည်းစနစ်များဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများအား လေ့လာကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ခေတ်မီစက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်းရှိ တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းအား ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ စတုတ္ထအကြိမ် GREATER MEKHONG SUB-REGION BUSINESS FORUM (GMS- BF) သို့ တက်ရောက်လာကြသော BUSINESS DELEGATION အဖွဲ့များမှ အဆင့်မြင့်အရာရှိများ လာရောက်ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်က လိုက်ပါပို့ဆောင်ပေးပြီး စိုက်ခင်းတာဝန်ရှိသူများက ရှင်းလင်းပြသပေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ခေတ်မီစက်မှုလယ်ယာစနစ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းသို့ လာရောက်လေ့လာသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီး H.E. Mr. Chan Sarum အား စိုက်ကွင်းအတွင်း ရှင်းလင်းပြသစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး အောင်ပွဲရအားကစားအသင်းများ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင် အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီး အားကစားအသင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခံဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီမှ တာဝန်ရှိသူများ၊ အားကစားဆပ်ကော်မတီများမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အောင်ပွဲရအားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အောင်ပွဲရအားကစားအသင်းများက တံခွန်စိုက်ဒိုင်းဆုများကို အပ်နှံကြရာ စစ်တုရင်ပြိုင်ပွဲ အမျိုးသားစွယ်စုံတံခွန်စိုက်ဒိုင်းဆု၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဒိုင်းဆုနှင့် ကာယဗလနှင့်အလှ စွယ်စုံတံခွန်စိုက်ဒိုင်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေကလည်းကောင်း၊ မသန်စွမ်းနှင့် ဉာဏ်ရည်မမီ စွယ်စုံတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသား(ကြက်တောင်)ဒိုင်းဆုများကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းကလည်းကောင်း၊ အမျိုးသမီး(ဘောလုံး)တံခွန်စိုက်ဒိုင်းဆုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်သက်ဌေးကလည်းကောင်း၊ အမျိုးသမီး(ကြက်တောင်) ဒိုင်းဆုကို တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်ကလည်းကောင်း လက်ခံကြပြီး ဂုဏ်ပြုဆုငွေများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အောင်ပွဲရအားကစားအသင်းများမှ အားကစားသမားများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ရန်ကုန်တိုင်းဒေသကြီးမှ အားကစားအသင်းများသည် ၂၀၁၁ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် အားကစားပြိုင်ပွဲ ၂၆ မျိုး၌ ၁၈ မျိုးတွင် အောင်မြင်မှုများရရှိခဲ့ပြီး ပထမတံခွန်စိုက်ဆု ၃၂ ဆု၊ ဒုတိယဆု ၁၄ ဆု၊ တတိယဆုလေးဆုနှင့် အသန့်ရှင်းဆုံးဆု နှစ်ဆုရရှိခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလူထုလမ်းလျှောက်ပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

၂၀၁၁ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) စုပေါင်း လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီခွဲတွင် ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်း တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှေ့ စုရပ်၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များရှိ မိဘပြည်သူများ စုစုပေါင်းအင်အား ၇၅၇၀၃ ဦးတို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး သာသနာ့ဗိမာန်ရှေ့သို့ရောက်ရှိကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

အလားတူ မကွေးတိုင်းဒေသကြီး မကွေးမြို့၏ ဒီဇင်ဘာလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို နံနက် ၅ နာရီခွဲတွင် မကွေးခရိုင် အားကစားကွင်း စုရပ်မှစတင်၍ စုပေါင်းလမ်းလျှောက်ကြရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ ပညာရေးကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများ၊ ရပ်ကွက် ၁၄ ရပ်ကွက်မှ ပြည်သူများ စုစုပေါင်းအင်အား ၃၈၆၁၁ ဦးတို့သည် အဆိုပါစုရပ်မှ တောင်တွင်းကြီးလမ်း၊ မကွေးတက္ကသိုလ်မှ မေတ္တာလမ်း၊ ၎င်းမှတစ်ဆင့် အထက(၁) လမ်းအတိုင်း မကွေးခရိုင် အားကစားကွင်းအတွင်း ဝင်ရောက်၍ ကာယဆရာ၊ ဆရာမများနှင့်အတူ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ကြပြီး အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့ ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို နံနက် ၅ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး နှင့်အဖွဲ့ဝင်များပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက် ၃၂ ခုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့ပေါ်ပြည်သူများသည် စုရပ်မှ ရှုခင်းသာလမ်းတစ်လျှောက် စစ်တွေဟိုတယ် သဲသောင်ပြင်အထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ ယင်းနောက် စစ်တွေဟိုတယ်အနီး သဲသောင်ပြင်တွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရခိုင်ပြည်နယ် စစ်တွေမြို့ ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

# သွေးလှူရှင်အဖွဲ့နှင့် ဘိုးဘွားရိပ်သာသို့ အောက်ဆီဂျင်အိုးနှင့် အဝတ်လျှော်စက်လှူဒါန်း

**တောင်ငူ ဒီဇင်ဘာ ၂၅**

တောင်ငူ-ဖြူး-ညောင်လေးပင် ခရီးသည်ပို့ဆောင်ရေး ကားလေးအသင်းက ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့သွေးလှူရှင်အဖွဲ့ရုံးခန်းမ၌ မေတ္တာနှင့် စေတနာသွေးလှူရှင်အဖွဲ့သို့ အသက်ရှူအောက်ဆီဂျင်အိုး တစ်လုံးနှင့် ကေတုမတီဘိုးဘွားရိပ်သာသို့ အဝတ်လျှော်စက်တစ်ခု စုစုပေါင်း တန်ဖိုးငွေကျပ် သုံးသိန်းကျော်ဖိုးအား ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ အမှုဆောင်များက လက်ခံရယူကြသည်။**(အောက်ပုံ)**

အဆိုပါ လှူဒါန်းပွဲအခမ်းအနားတွင် ခရီးသည်ပို့ဆောင်ရေးကားလေးအသင်း ဥက္ကဋ္ဌဦးစိုးသိန်းက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သွေးလှူရှင်အဖွဲ့နာယကဦးကျော်စိန်၊ ဦးကျော်လှ(သမာဓိ)နှင့် ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြင့်ညို(အမေ့အိမ်)တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

လှူဒါန်းပွဲသို့ မော်တော်ယာဉ်အသင်း အမှုဆောင်များ၊ သွေးလှူရှင်များအဖွဲ့နှင့် ဘိုးဘွားရိပ်သာမှ အမှုဆောင်များ စုံညီစွာတက်ရောက်ကြသည်။

(၁၂၉)



❒ **အာဆင်နယ်မှ**

တစ်လခန့် လက်လွှတ်ရဖွယ်ရှိကြောင်း၊ အသင်း၏ခံစစ်တွင် ဒဏ်ရာရကစားသမားများ များပြားနေကြောင်း၊ ထို့ကြောင့် လာမည့်အပြောင်းအရွှေ့ကာလအတွင်း အမြန်ဆုံးပြန်လည်ဖြည့်တင်းနိုင်မှသာ အသင်း၏ရလဒ်ကို ဆက်လက်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အာစင်ဝင်းဂါးသည် မန်စီးတီးကစားသမားဂျိမ်းမေလ်နာနှင့် အာဆင်နယ်ကစားသမားဟောင်း ဟင်နရီတို့ကို အငှားစာချုပ်ဖြင့် ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

***အင်တာနက်။***

**သင့်သွေးဖြင့် အသက်ကယ်ပါ**

○ **တရုတ်နိုင်ငံမှ**

ဟောင်ကျန်နောင် ရေအိုင်ကြီး အရှည်တည်တံ့ရေးအတွက် စီမံဆောင်ရွက်နိုင်ခြင်းမရှိပါက လာမည့် ၁၀ နှစ်အတွင်း ယင်းရေအိုင်ကြီး ပျောက်ကွယ်သွားဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။

ဟောင်ကျန်နောင် ရေအိုင်ကြီးသည် လော့ပနူး ရေအိုင်ကြီးနည်းတူ ပျောက်ကွယ်ရမည့်ကိန်းဆိုက်နေကြောင်း ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။

ဆင်ကျန်းဝေဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လော့ပနူး ရေအိုင်ကြီးသည် သဲကန္တာရဖြစ်ထွန်းလာမှုနှင့် သဘာဝပတ်ဝန်းကျင်စံနှုန်းများ ယုတ်လျော့လာမှုတို့နှင့်အတူ ၁၉၇၂ ခုနှစ်တွင် ခန်းခြောက်တိမ်ကောသွားခဲ့သည်။ တစ်ချိန်ကမူ ယင်းရေအိုင်ကြီးသည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်းဒေသ၌ အကြီးဆုံးသော ရေအိုင်ကြီးအဖြစ် တည်ရှိခဲ့သည်။

***အင်တာနက်။***

**ထူးခြားသည့်ညအပူချိန်များ**

**၂၅-၁၂-၂၀၁၁**

**ပင်လောင်း**
၃ ဒီဂရီစင်တီဂရိတ်
**ဟဲဟိုးနှင့် ဟားခါး**
၆ ဒီဂရီစင်တီဂရိတ်စီ

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

# နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် ထူးချွန်အားကစားသမားများအား စုစည်းလေ့ကျင့်ပေး

**တွေ့ဆုံ**

**မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေးအထောက်အကူပြုအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)



**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လယ်ဝေးအားကစားကွင်း၌ မြန်မာနိုင်ငံ လက်ရွေးစင်အားကစားသမားများလေ့ကျင့်ရေးအတွက် အဆင့်မြင့်မွမ်းမံလျက်ရှိသော Sythetic ပြေးလမ်းခင်းရန် တည်ဆောက်နေမှုများ၊ ပွဲကြည့်စင်၊ အားကစားလေ့ကျင့်ရေးရုံအသစ် တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ၌ ဖွင့်လှစ်ထားသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေးအထောက်အကူပြုအဖွဲ့ရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ အားကစားဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အားကစားလေ့ကျင့်ရေးစခန်းမှ တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနမှ အားကစားနည်းအလိုက် တွဲဖက်ထားရှိသော အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံဆွေးနွေးပြောကြားရာတွင် ယခုအားကစားလေ့ကျင့်ရေးစခန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် ပြည်တွင်းအားကစားပြိုင်ပွဲအသီးသီးမှ ထူးချွန်အားကစားသမားများအား စုစည်းလေ့ကျင့်ပေးသွားရန်ဖြစ်ကြောင်း၊ အားကစားအရည်အချင်းသာမက လက်ရုံးရည်ရော နှလုံးရည်ရော ကောင်းမွန်သူများဖြစ်အောင် လေ့ကျင့်သွားကြရန်လိုကြောင်း၊ လေ့ကျင့်ရေးအချိန်ဇယား တိတိကျကျ ရေးဆွဲဆောင်ရွက်ရန်နှင့် အမှန်တကယ်ထူးချွန်မှု အလားအလာကောင်းရှိသူများကိုသာ ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက လေ့ကျင့်ရေးစခန်း စည်းကမ်းများနှင့် တာဝန်ရှိသူများက ပုံမှန်စစ်ဆေးရမည့်အပိုင်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သွေးသစ်အားကစားသမားများရွေးချယ်မှုကို တာဝန်ရှိသူများက နယ်ပယ်စုံအောက်ခြေအထိ လိုက်လံစုဆောင်းရန်ကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားလေ့ကျင့်ရေးစခန်း စားရိပ်သာသို့ သွားရောက်၍ ကျွေးမွေးမည့်ဟင်းလျာများနှင့် အားကစားသမားများ စားသောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ရွှေဘို-မြစ်ကြီးနားလမ်း (ရွှေဘို-စံပယ်နံ့သာလမ်းအပိုင်း)၌ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရွှေဘိုခရိုင် အင်ဂျင်နီယာမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွှေဘို-မြစ်ကြီးနားလမ်း (ရွှေဘို-စံပယ်နံ့သာလမ်းအပိုင်း) မိုင်တိုင်အမှတ်(၁၇/၅)နှင့် (၁၇/၆)အကြား ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်းများဆောင်ရွက်ရန်၊ လမ်းပခုံးသားများကို စနစ်တကျတိုးချဲ့ဆောင်ရွက်ရန်၊ လမ်းညွှန်အမှတ်အသား ဆိုင်းဘုတ်/လမ်းမိုင်တိုင် ဆိုင်းဘုတ်များစနစ်တကျစိုက်ထူရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နှင့် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့အနီး၌ တည်ဆောက်လျက်ရှိသော ဧရာဝတီတံတား (ရတနာသိင်္ဃ)သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ တံတားတည်ဆောက်ရေးလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းသုံးပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တစ်ချက်တည်းကျင်းဝင်

**မြင်းခြံ ဒီဇင်ဘာ ၂၅**

ဦးအောင်ခိုင်(ကံသာပွဲရုံ)သည် ကစားဖော်များဖြစ်ကြသော ဦးရွှေမောင်ထွန်း (နဝရတ်ပွဲရုံ)၊ ဦးကြည်သူမောင်(click Netvilla)၊ ဦးရဲထွန်းနိုင် (ရွှေမြန်မာသောက်ရေသန့်)တို့နှင့်အတူ ဒီဇင်ဘာ ၇ ရက်က မြင်းခြံမြို့ မြေလတ်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON SOFTFEEL NO(1) ဘောလုံးကို HONMA TWIN MARK TM 202 - IRON NO(8)သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် (၁၅၀) အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

# (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းရှိ ရန်ကုန်မြင်းစီးအသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြင်းစီးအားကစားပြိုင်ပွဲ၌ DRESSAGE လူသစ်တန်းပြိုင်ပွဲ၊ SHOW JUMPING လူသစ်တန်းပြိုင်ပွဲ၊ မြင်းစီးစက်ထိုးပြိုင်ပွဲ၊ ကုန်းနီးမဲ့ ဒုန်းပြိုင်ပွဲနှင့် RACEBARRAL ပြိုင်ပွဲငါးမျိုး ပါဝင်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် မြင်းစီးအားကစားသမားများသည် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ရန်ကုန်မြင်းစီးအသင်း (National Sports Complex)သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဖုန်း-၅၈၄၉၆၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဆွာမြို့လယ်ယာဉ်တိုက်မှု စက်ဘီးစီးနင်းသူသေဆုံး

**ရေတာရှည် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ရှေ့မှသွားနေသည့် စက်ဘီးစီးနင်းသူကို နောက်မှ ကုန်တင်နောက်တွဲယာဉ်ကတိုက်မိ၍ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ရသောဖြစ်ရပ်တစ်ခု ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့လယ်၌ ဖြစ်ပွားခဲ့သည်။

ရန်ကုန်-မန္တလေး(ပုံမှန်) ကားလမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်းမင်းနိုင်(၅၁)နှစ် မြောက်ဥက္ကလာပ ရန်ကုန်မြို့တွင် နေသူမောင်းနှင်သည့် ခေါင်းတွဲအမှတ်(၆ ဂ/----) နောက်တွဲအမှတ်(နတ/----) ၂၂ ဘီးယာဉ်သည် ကားလမ်းမိုင်တိုင်အမှတ်(၂၀၁/၀)နှင့် (၂၀၁/၁)အကြား ဆွာတိုက်နယ်ဆေးရုံရှေ့အရောက် ရှေ့မှလမ်းကြောင်းတူ စက်ဘီးစီးသွားနေသော ဦးချန်ထွန်း (၆၂)နှစ် (၂)ရပ်ကွက် ဆွာမြို့နေသူကို တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးချန်ထွန်းမှာ ကားလမ်းပေါ်သို့ ပြုတ်ကျ၍ ဒဏ်ရာများရရှိကာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ဆွာရဲစခန်းမှ စခန်းမှူး ရဲအုပ်သောင်းစံ၊ တာဝန်မှူး ဒု-ရဲအုပ်ကျော်စိုးမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဆွာရဲစခန်းမှ (ပ)၁၂၈/၂၀၁၁ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ ယခုအခါတစ်နေ့တခြား ယာဉ်စီးရေတိုးပွားများပြားလာခြင်း၊ မြို့တွင်းသို့ ယာဉ်များဖြတ်သန်းမောင်းနှင်စဉ် အရှိန်မလျှော့ဘဲ မဆင်မခြင်မောင်းနှင်ကြခြင်းများကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားကာ သေဆုံး၊ ဒဏ်ရာရမှုများဖြစ်ပွားနေရကြောင်း ပြည်သူများက သုံးသပ်ပြောကြားကြသည်။ (၅၇၈)

**တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ**

## ပြည်သူ့ထံမှ ပေးစာများ

### ရွှေပေါက်ကံ(၁၂)ရပ်ကွက် ရေမလာတစ်နှစ်ကြာ

**စာတည်းခင်ဗျား -**

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၂)ရပ်ကွက်တွင် ရေမလာသည်မှာ တစ်နှစ်ခွဲကျော်ပြီဖြစ်ပါသည်။ အဝီစိတွင်းရှိသူများထံမှ နေ့စဉ်ဝယ်ယူသုံးစွဲနေကြရပါ၍ ရေရရှိရေး အမြန်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

**ရပ်ကွက်သူများ**

### အမှိုက်ပုံကြီး ရှင်းလင်းပေးစေလို

**စာတည်းခင်ဗျား -**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာ အောင်ဗောဓိကျောင်းတိုက် တောင်ဘက်လမ်းတွင် အမှိုက်များလမ်းမပေါ်သို့ စုပုံပိတ်ဆို့နေပါသဖြင့် ရဟန်း သံဃာ ခရီးသွားများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် အဆိုပါစုပုံအမှိုက်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**(၆)ရပ်ကွက်သားများ**

### ရပ်ကွက်အတွင်းမှအမဲဒိုင် ဖယ်ရှားစေလို

**စာတည်းခင်ဗျား -**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကမ္ဘောဇရပ်ကွက်အတွင်း အမဲဒိုင်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အနံ့ဆိုးများကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် ပြောင်းရွှေ့ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူများ**

### လေးထုသံဆူညံ၊ ဂဟေဆော်ညှော်နံ့နံ

**စာတည်းခင်ဗျား -**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ရတနာလမ်း မလိခဥယျာဉ်ဝင်ပေါက်ရှေ့ လေးဆိုင်မှ လေးထုသံများ ဆူညံမှု၊ လေးများမီးဖုတ်မှုအနံ့များကြောင့် ကျန်းမာရေးထိခိုက်စေသည့်အပြင် အိမ်နောက်ဖေးအလုပ်ရုံမှာလည်း မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

### အသားကင်ညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား -**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက္ကစံရပ်ကွက် ပုလဲလမ်းနှင့် ပတ္တမြားလမ်းထောင့်ရှိ ထမင်းဆိုင်နှင့် အသားကင်ဆိုင်များသည် ညနေပိုင်း၌ လမ်းပိတ်ဆို့ပြီး ရောင်းချလျက်ရှိရာ အသားကင်ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် ကျူးကျော်ဆိုင်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

### ကုန်တင်၊ ကုန်ချတံတား တည်ဆောက်ပေးပါ

**စာတည်းခင်ဗျား -**

တွံတေးမြို့တွင် မြစ်ပေါက်ရေဆင်းကုန်တင်၊ ကုန်ချတံတားမရှိသဖြင့် ကုန်တင်ကုန်ချဈေးရောင်းဈေးဝယ်ရေယာဉ်များမှာ ဆိုက်ကပ်စရာနေရာ အခက်အခဲနှင့်ကြုံတွေ့ကြရပါသည်။ မြို့တွင်းဈေးဆိုင်များမှာလည်း အရောင်းအဝယ်ပြုလုပ်ရာတွင် ကမ်းနားတစ်လျှောက်မှ ကုန်တင်၊ ကုန်ချပြုလုပ်ရပါသောကြောင့် ကုန်တင်၊ ကုန်ချတံတားစီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဈေးရောင်းဈေးဝယ်များ**

# ငါးသယံဇာတများပြုန်းတီးမှုမရှိစေရေးအတွက် စနစ်တကျဖမ်းဆီးထုတ်လုပ်

# ငါးပေါက်ဖွားကြီးပြင်းရာနေရာများဖြစ်သော ဒီရေတောများအား ထိန်းသိမ်းကာကွယ်

နေပြည်တော် ဒီဇင်ဘာ ၂၅

**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ညောင်တန်းရေခဲငါးတင်ငါးချ ဆိပ်ကမ်းသို့ရောက်ရှိပြီး ဆိပ်ကမ်း၌ အဏ္ဏဝါရေလုပ်ငန်းကုမ္ပဏီလီမိတက်က ဆောင်ရွက်နေသော ညောင်တန်းငါးလေလံဈေးအတွင်း ရေခဲငါးမျိုးစုံနှင့် ပုစွန်များအား ရွေးထုတ်နေမှု၊ အကောင်ကြီးငယ်ခွဲခြား၍ ပြည်တွင်းပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။**

ထို့နောက် အဏ္ဏဝါရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ တန် ၂၀၀၀ အအေးခန်းစက်ရုံ၌ စက်ရုံအတွင်း ပြည်ပသို့တင်ပို့ရောင်းချမည့် ရေခဲငါးမျိုးစုံအား ပြင်ဆင်ထုပ်ပိုးနေမှု၊ ထုပ်ပိုးထားရှိပြီးသော ကုန်ချောပစ္စည်းများ အအေးခန်းအတွင်း သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အသားကဏ္ဍနှင့် ငါးကဏ္ဍဟူ၍ ခွဲခြားထားပါကြောင်း၊ ငါးကဏ္ဍထုတ်လုပ်မှုတွင် ရေချိုငါးထုတ်လုပ်မှုနှင့် ရေငန်ငါးထုတ်လုပ်မှုများကို လုပ်ငန်းရှင်အသီးသီးက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေငန်ငါးထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ကုန်ချောအဖြစ် ပြုပြင်မွမ်းမံပြီး နိုင်ငံခြားဝင်ငွေရရှိစေရန် ပြည်ပသို့တင်ပို့ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များရှိသကဲ့သို့ ကမ်းဝေးငါးဖမ်းလှေများအသုံးပြုကာ ကမ်းရိုးတန်းဒေသများတွင် ရေငန်ငါးမျိုးစုံနှင့် ပုစွန်များတရားမဝင်ခိုးထုတ်ရောင်းချနေမှုများကြောင့် အိမ်နီးချင်း ငါးလေလံဈေးကွက်များ ထွန်းကားတိုးတက် အကျိုးစီးပွားဖြစ်ထွန်းနေသည်ကို သိရှိရပါကြောင်း၊ ရေငန်ငါးဖမ်းဆီးထုတ်လုပ်မှုကဏ္ဍတွင် လက်ရှိအခြေအနေ၌ ငါးလုပ်ငန်းဈေးကွက်ပျက်နေသဖြင့် အအေးခန်းလုပ်ငန်းအချို့ ခေတ္တရပ်ဆိုင်းထားရခြင်း၊ ငါးမှုန့်ကြိတ်စက်ရုံများ ရပ်ဆိုင်းထားရသည်ကို သိရှိရပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို ပွင့်ပွင့်လင်းလင်းတင်ပြမှသာ ဖြစ်ပေါ်နေသောအခက်အခဲများ၊ အတားအဆီးများ၊ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များအား ပြင်ဆင်ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြုပြင်ရန်ရှိသည်များကို ပြုပြင်ပြီးနောက် ရေလုပ်ငန်းရှင်ကြီးများကလည်း တိုင်းပြည်ချစ်စိတ်၊ လူမျိုးချစ်စိတ်ဖြင့် မှန်ကန်စွာဆောင်ရွက်နိုင်လာမည်ဖြစ်ပါကြောင်း၊ သို့မှသာ တစ်နေ့တခြား လမ်းကြောင်းမှန်ကန်စွာဖြင့် ငါးထုတ်လုပ်မှုကဏ္ဍသည် ပြန်လည်တိုးတက် ဦးမော့လာမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် အဏ္ဏဝါရေလုပ်ငန်း ကုမ္ပဏီလီမိတက်၏ တန် ၂၀၀၀ အအေးခန်းစက်ရုံ၌ ပြည်ပသို့တင်ပို့ရောင်းချမည့် ရေခဲငါးမျိုးစုံအား ပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း

## မုန်တိုင်းငယ်အဖြစ် ရောက်ရှိလာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

**ငါးစာကျွေးရာ၌ ပလတ်စတစ်စွန့်ပစ်မှု စနစ်ကျရန်လို**

ပြည်တွင်းသတင်း စာမျက်နှာ - ၃

**ပတ်ဝန်းကျင်ရာသီဥတုပြောင်းလဲခြင်းနှင့် တိရစ္ဆာန်တို့၏ ကူးစက်ရောဂါများ**

ဆောင်းပါး စာမျက်နှာ - ၆

**ဆူနာမီရေလှိုင်းဒဏ်ခံ မိန်းကလေးတစ်ဦး ခုနစ်နှစ်အကြာတွင် မိသားစုနှင့် ပြန်လည်ပေါင်းဆုံ**

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

အ င် တ ာ န က် သ တ င် း | **ဘာသာပြန် - စံစံ**

## တရုတ်နိုင်ငံရှိ အကြီးဆုံးသော ကန္တာရရေအိုင်ကြီး ၁၀ နှစ်အတွင်း ကွယ်ပျောက်သွားနိုင်ဖွယ်ရှိ

ပေကျင်း ဒီဇင်ဘာ ၂၅

**တရုတ်နိုင်ငံရှိ အကြီးဆုံးသော သဲကန္တာရရေအိုင်ကြီးသည် တစ်စတစ်စကျုံ့လာနေပြီး ၁၀ နှစ်အတွင်း ကွယ်ပျောက်သွားနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားကြသည်။**

တရုတ်နိုင်ငံ ရှန်စီးပြည်နယ် မူးယပ်စ်သဲကန္တာရနှင့် အာဒေါ့ ကုန်းမြင့်ဒေသအကြားရှိ ဟောင်ကျန်နောင် ရေအိုင်ကြီးသည်လွန်ခဲ့သည့် ၁၅ နှစ်တာကာလအတွင်း ၄၀ ရာခိုင်နှုန်းကျော် ကျုံ့သွားခဲ့ကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

ရာသီဥတု ပြောင်းလဲခြင်းကြောင့်လည်းကောင်း၊ လူ့ပယောဂကြောင့်လည်းကောင်း ဟောင်ကျန်နောင် ရေအိုင်ကြီးကျုံ့လာရခြင်းဖြစ်ကြောင်း လေ့လာချက်တွင်ဖော်ပြသည်။

ဟောင်ကျန်နောင် ရေအိုင်ကြီး၏ အကျယ်အဝန်းမှာ ၁၉၉၆ ခုနှစ်က ဟက်တာ ၇၀၀၀ ရှိခဲ့ရာမှ ယခုအခါ ဟက်တာ ၄၀၀၀ အထိ လျော့ကျသွားခဲ့သည်။

အဆိုပါရေအိုင်ကြီး၏ ရေမျက်နှာပြင်မှာ နှစ်စဉ် ၆၀ စင်တီမီတာနှုန်းဖြင့် ကျဆင်းလာနေကြောင်း သဲကန္တာရရေအိုင်ကြီးစီမံခန့်ခွဲရေးအဖွဲ့က ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ❍**



**တရုတ်နိုင်ငံ၏ အကြီးဆုံးကန္တာရရေအိုင်ကြီးကို တွေ့ရစဉ်။**

## အာဆင်နယ်နောက်ခံလူ ကီရန်ဂစ်ဘ် တစ်လခန့်အနားယူရဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၅**

အာဆင်နယ်အသင်း၏ နောက်ခံလူ ကီရန်ဂစ်ဘ်သည် ပေါင်ခြံဒဏ်ရာခွဲစိတ်ရန်ရှိသဖြင့် ဘောလုံးကစားခြင်းမှ တစ်လခန့် အနားယူရဖွယ်ရှိကြောင်း နည်းပြအာစင်ဝင်းဂါးက မှတ်ချက်ပေးခဲ့သည်။

အသက်(၂၂)နှစ်ရှိ ဂစ်ဘ်သည် အဆိုပါ ဒဏ်ရာအား ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အက်စတွန်ဗီလာနှင့် ကစားခဲ့သည့်ပွဲစဉ်အတွင်း ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အာဆင်နယ်အသင်းတွင် နောက်ခံလူများဖြစ်သည့် ဂျိုရူး၊ အန်ဒရီဆန်းတို့စ်၊ ကားဂျန်ကင်ဆင်နှင့် ဆဂ္ဂနာတို့မှာလည်း ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ဝင်းဂါးက မိမိတို့သည် ဂစ်ဘ်ကို **စာမျက်နှာ ၉ ကော်လံ ၃ သို့ ❐**



ကီရန်ဂစ်ဘ်